# အင်္ဂသာဝက အရှင်မြတ်နှစ်ပါးတို့၏ သောတာပန်ကျင့်စဉ်

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။
(ဝိနည်း၊ မဟာဝါ၊ ၅၁)

အကြင်ခန္ဓာငါးပါး ရုပ်နာမ်တရားဟုဆိုအပ်သော ဒုက္ခသစ္စာတရားတို့သည် အကြောင်းတရားဟု ဆိုအပ်သော သမုဒယသစ္စာလျှင် အမွန်အစဖြစ်၏။ ထိုခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၏ အကြောင်းတရား သမုဒယသစ္စာကို ဘုရားရှင်သည် ဟောတော်မူ၏။

ထိုဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့၏ အကြင်ချုပ်ငြိမ်းရာ နိရောဓသစ္စာနှင့် ချုပ်ငြိမ်းကြောင်း အကျင့်မဂ္ဂသစ္စာသည် ရှိ၏၊ ထိုနိရောဓသစ္စာနှင့် မဂ္ဂသစ္စာကိုလည်း ငါတို့ဆရာမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ဤသို့ အယူရှိတော်မူ၏။

ပျက်စီးချိန်

ယေဘုယျေန ဟိ သတ္တာနံ၊ ဝိနာသေ ပစ္စုပဋ္ဌိတေ။
အနယော နယရူပေန၊ ဗုဒ္ဓိ မာဂမ္မ တိဋ္ဌတိ။
(ဝဇီရဗုဒ္ဓိဋီကာ၊ ၆၉)

- မှောက်မှားပျက်စီး ချိန်နီးလေသော်
  ကံကြမ္မာဆိုး အနီးအဆော်။
  မြင်မှောက်မှားလို့ ဖောက်ပြားတိမ်းချော်
  ဉာဏ်ညွှန့် တုံး မှောင်ဖုံးခံရနော်။
- ကောင်းစေလိုငြား ညွှန်ကြားလုံးစုံ
  အကျိုးလိုလား စကားမယုံ
  ပျက်စီးဖို့ရေး ဆောင်သွေးလေတုံ
  နှစ်ခြိုက်အား လိုက်စားလေတဲ့ပုံ။
- ရှေးကံအဟောင်း ပျက်ကြောင်းတိုက်ဆိုင်
  ကယ်မ-လိုငြား နတ်များမပိုင်၊
  တိမ်းချော်ချွတ်လို့ ညွှတ်ညွှတ်ယိုင်ယိုင်
  ကံဖန်တီး ပျက်စီးရာသို့တိုင်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီး

## တပည့်ရဟန်း (၂၅၀)တို့ ရဟန္တာဖြစ်ကြခြင်း

အဂ္ဂသာဝက အလောင်းတော်နှစ်ဦးနှင့် တပည့်(၂၅၀)တို့ ဧဟိဘိက္ခု ရဟန်းပြုကြပြီးသောအခါ မြတ်စွာဘုရားက တပည့်ရဟန်း(၂၅၀)တို့၏ စရိုက်အားလျော်စွာ တရားဟောတော်မူသဖြင့် တပည့်ရဟန်း (၂၅၀)တို့သည် တထိုင်တည်းမှာပင် အရဟတ္တဖိုလ်ရကြ၏။

အဂ္ဂသာဝက နှစ်ပါးတို့အတွက် အထက်မဂ်သုံးပါးကိစ္စသည် မပြီးဆုံးသေး ပဲ ရှိ၏၊ အကြောင်းမှာ သာဝကပါရမီဉာဏ်သည်
(၁) အဂ္ဂသာဝက ပါရမီဉာဏ်
(၂) မဟာသာဝက ပါရမီဉာဏ်
(၃) ပကတိသာဝက ပါရမီဉာဏ် ဟု သုံးပါး ရှိ၏။
ထိုအရှင်မြတ်နှစ်ပါးတို့၏ အဂ္ဂသာဝက ပါရမီဉာဏ်သည် ကြီးမားကျယ်ပြန့်သော ကြောင့် ဖြစ်၏။

## အရှင်မောဂ္ဂလာန်၏ အရဟတ္တမဂ်၊ ဖိုလ်ကျင့်စဉ်

ပစလာယမာနသုတ် (အံ၊ ၂၊ ၄၆၁။ ဠ ၊ ၁၇၄) သတ္တကနိပါတ်

### ထိနမိဒ္ဓ ပယ်ဖျောက်နည်း (၇)မျိုး

၁။ အိပ်ချင်ငိုက်မျဉ်းကြောင်းဖြစ်သော အမှတ်သညာကို ပယ်ခြင်း။
၂။ နာယူလေ့လာခဲ့ဖူးသော တရားတော်ကို ဆင်ခြင်ခြင်း။
၃။ နာယူလေ့လာခဲ့ဖူးသော တရားတော်ကို ရွတ်ဆိုခြင်း။
၄။ နားရွက်တို့ကို ဆွဲခြင်း၊ ကိုယ်ကို လက်ဖြင့် ပွတ်သတ်ခြင်း။
၅။ မျက်နှာသစ်ပြီး အရပ်မျက်နှာတို့ကို ကြည့်ခြင်း၊ ကြယ်တာရာတို့ကို မော်ကြည့်ခြင်း။
၆။ အလင်းရောင်ကို နှလုံးသွင်းခြင်း။
၇။ စင်္ကြံ လျှောက်ခြင်း။

ဤကား ပါဠိတော်နည်းဖြစ်၏။

### ထိနမိဒ္ဓ ပယ်ဖျောက်နည်း (၆)မျိုး

၁။ အစာ အာဟာရကို လျှော့စားခြင်း။
(လေးငါးလုပ်စာ လျှော့စား၍ ရေသောက်)
၂။ ဣရိယာပုထ်ကို ပြောင်းလဲပေးခြင်း။

၃။ အလင်းရောင်ကို နှလုံးသွင်းခြင်း။

၄။ လွှင်ပြင်၌နေခြင်း၊ (အခန်းထဲ အောင်းမနေရ)

၅။ ထိနမိဒ္ဓ နိုင်နင်းပြီးသော မိတ်ဆွေကောင်းနှင့်နေခြင်း။

၆။ ဝီရိယအားပေးသော ဓုတင်နှင့်စပ်သည့် စကားကိုသာ ပြောခြင်း။

(စွမ်းနိုင်လျှင် နိသဇ္ဇိကဓုတင်ဆောင်) (မ၊ ဌ ၊ ၁၊ ၂၈၈)

ဤကား (မူလပဏ္ဏာသ) အဋ္ဌကထာနည်းဖြစ်၏။

အိပ်နည်း နှင့် အိပ်ရာမှ ထနည်း

လက်ယာဖက်ကို စောင်းပြီး ညာခြေအပေါ်၌ ဘယ်ခြေကို အနည်းငယ် လွန်ကာ တင်ထားလျှက် သတိဉာဏ်ဖြင့် ဘယ်အချိန်မှာ ထမည်ဟု ဥဋ္ဌာနသညာကို ပြုလုပ်၍ ခြင်္သေ့မင်းလို အိပ်ရမည်။

အိပ်ရာမှ နိုးသောအခါ ပြန်ပြီး အိပ်ခြင်း၊ မှိန်းနေခြင်း ဘယ်ပြောင်းညာပြန် လဲလျှောင်းနေခြင်း အိပ်ခြင်းချမ်းသာကို မပြုလုပ်ဘဲ အိပ်ရာမှ မြန်မြန်ထရမည်။

## ဆွမ်းခံနည်း (အစာအာဟာရယူနည်း)

မာန်မာနဖြင့် ဆွမ်းမခံရ( အစာအာဟာရကို မယူရ)၊ မာန်မာနဖြင့် ဆွမ်းခံ (အစာအာဟာရကို သွားယူ)လျှင် ကိုယ်လိုချင်သည့် ဆွမ်းဟင်း (အစာအာဟာရ)ကို မရခြင်းကြောင့် စိတ်မချမ်းသာ ဖြစ်တတ်၏။ စိတ်မချမ်းသာလျှင် စိတ်ပျံ့လွင့်၏၊ စိတ်ပျံ့လွင့်နေလျှင် ဣန္ဒြေမစောင့်စည်းနိုင်၊ ဣန္ဒြေမစောင့်စည်းနိုင် သူမှာ သမာဓိမရ၊ သမာဓိမရှိလျှင် ဉာဏ်ပညာမဖြစ်နိုင်။

## စကားပြောနည်း

သူတစ်ပါးနှင့်စကားပြောသောအခါ ဆန့်ကျင်ဘက်စကား (ငြင်းခုန်ရမည့် စကား)ကို မပြောရ၊ ဆန့်ကျင်ဘက်စကားကို ပြောခဲ့လျှင် စကားများတတ်၏၊ စကား များတတ်သူသည် ဣန္ဒြေစောင့်စည်းမှု မရှိ၊ ဣန္ဒြေမစောင့်စည်းနိုင်လျှင် သမာဓိမရ၊ သမာဓိမရသူမှာ ဉာဏ်ပညာမဖြစ်နိုင်။

## နေထိုင်နည်း

(က) အာရုံ အားလုံးနှင့် ရောနှောဆက်ဆံမှု မရှိစေရ။

(ခ) လူ- ရဟန်း အားလုံးနှင့် ရောနှောဆက်ဆံမှု မရှိစေရ။

(မကောင်းသော မိတ်ဆွေကို ရှောင်ရမည်)

(ဂ) တစ်ယောက်ထဲ တစ်ဦးထဲသာ နေတတ်ရမည်။

## နေသင့်သော တောကျောင်းအင်္ဂါ (၅)ချက်

၁။ အပ္ပသဒ္ဒ = လူသံ ကင်းဆိတ်ခြင်း။
၂။ အပ္ပနိဃ္ဃောသ = မြို့သံ ရွာသံတို့ နှင့် မရောနှောခြင်း။
၃။ ဝိဇနဝါတ = အသွား အလာ လူတို့လေမှ ကင်းခြင်း။
၄။ မနုဿရာဟသေယျက = မင်းအစရှိသူတို့ မသိအောင် လျှို့ဝှက်သော ကိစ္စကို ပြုချင်လျှင် ပြုလုပ်နိုင်သည့် နေရာဖြစ်ခြင်း။
(မင်း စသည်တို့ မသိအောင် ပုန်းလျှိုး ပြုလုပ်အပ်သည့် အရက်ချက်ခြင်းစသည် ကိစ္စမျိုးကို ဆိုလိုသည်)
၅။ ပဋိသလ္လာနသာရုပ္ပ = တစ်ပါးတည်းနေထိုင်ဖို့ သင့်လျော်ခြင်း။

## အဆုံးပန်းတိုင်

မြတ်စွာဘုရား အကျဉ်းချုပ်အားဖြင့် အဘယ်မျှလောက် ကျင့်သော ရဟန်းသည်
တဏှာသင်္ခယဝိမုတ္တ = တဏှာကုန်ရာ နိဗ္ဗာန်ကိုရောက်ပြီး ကိလေသာတို့မှ လွတ်မြောက်သွားပါသလဲ?(ရဟန္တာဖြစ်သွားပါသလဲ)
အစ္စန္တနိဋ္ဌ = စင်စစ်ပြီးဆုံးခြင်းရှိသည်ဖြစ်ပါသလဲ? (စင်စစ်ပျက်စီးခြင်း ဟူသော အဆုံးအပိုင်းအခြားကို လွန်သည်ဖြစ်ပါသလဲ)
မပျက်စီးလျှင် အစဉ်ထာဝရ တည်သွား၏။
အစ္စန္တယောဂက္ခေမီ = စင်စစ်ယောဂလေးပါး ဘေးရန်များမှ ကင်းလွတ်သည် ဖြစ်ပါသလဲ?
အစ္စန္တဗြဟ္မစာရီ = စစ်စင်မြတ်သောအကျင့်ရှိသည် ဖြစ်ပါသလဲ?
အစ္စန္တပရိယောသာန = စင်စစ်အဆုံးသတ်ရှိသည် (ပြီးဆုံးခြင်းရှိသည်)ဖြစ်ပါသလဲ?
နတ်လူတို့ထက် မြတ်သည်ဖြစ်ပါသလဲ အရှင်ဘုရား-ဟု အရှင်မောဂ္ဂလာန်သည် မေးလျှောက်၏။

ဤမေးခွန်းမျိုးကို သိကြားမင်းလည်း မေးလျှောက်ဖူး၏၊ သို့သော်
နောက်ကျ၏။ စူဠတဏှာသင်္ခယသုတ် (မ၊ ၁၊ ၃၁၈) ၄၊ မဟာယမကဝဂ်

မောဂ္ဂလာန်! ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသော ဥပါဒါနက္ခန္ဓာငါးပါး အာယတန (၁၂)ပါး၊ ဓာတ် (၁၈)ပါးတရားတို့သည် တဏှာ ဒိဋ္ဌိတို့ဖြင့် ငါ့ဟာ ငါ့ဥစ္စာ ငါ,ငါဟု စွဲမြဲစွာ နလုံးသွင်းခြင်းငှါ (မြဲသည်, ချမ်းသာသည်, ပုဂ္ဂိုလ် သတ္တဝါအနေအားဖြင့် ထင်မြင်စွဲလမ်းခြင်းငှါ) မသင့်ဟု ကြားဖူး၏။

ထိုရဟန်းသည် အလုံးစုံသော ဥပါဒါနက္ခန္ဓာ အာယတန ဓာတ်တရားကို ဉာတပရိညာဖြင့် အထူးအားဖြင့် သိ၏၊ အလုံးစုံသော ဥပါဒါနက္ခန္ဓာ အာယတန ဓာတ်တရားကို အထူးအားဖြင့် သိပြီး၍ တီရဏပရိညာဖြင့် ပိုင်းခြား၍ သိ၏။

## ဝေဒနာသု အနိစ္စာနုပဿီ ဝိဟရတိ

အလုံးစုံသော ဥပါဒါနက္ခန္ဓာ အာယတန ဓာတ်တရားကို ပိုင်းခြားသိပြီး၍ ခံစားနေရသော ဝေဒနာတို့၌ မမြဲဟု အဖန်ရှုသည်ဖြစ်၍ နေ၏။

မှတ်ချက်။ ။ ဤ ယံကိဉ္စိ ဝေဒနံ အစရှိသော ပါဠိဖြင့် မြတ်ဗုဒ္ဓသည် အရှင်မောဂ္ဂလာန်မထေရ် မြတ်အား ဝေဒနာ၏အစွမ်းဖြင့် နစ်စေ၍ နာမ်တရားကို ဉာဏ်ဖြင့် သိမြင်အောင် ရှုနည်းကို ပြတော်မူ၏။

## အနိစ္စာနုပဿီ ဝိဟရတိ၌ အနိစ္စာနုပဿီကို

အနိစ္စ = မမြဲသည့်တရား၊
အနိစ္စလက္ခဏာ = မမြဲဟု မှတ်သားရသည့်လက္ခဏာ၊
အနိစ္စာနုပဿနာ = မမြဲဟု ရှုသိသည့်ဉာဏ်၊
အနိစ္စာနုပဿီ = မမြဲဟု ရှုသိနေသည့်ပုဂ္ဂိုလ်ဟူ၍ လေးမျိုးခွဲခြားပြီး သိနားလည်ရမည်။

အနိစ္စ = မမြဲသည့်တရားဟူသည် ခန္ဓာငါးပါးဖြစ်၏ ဤနေရာ၌ ဝေဒနာကို ဆိုလို၏။ ဖြစ်ပျက်နေသည့် ရုပ်နာမ်ခန္ဓာတို့သည် အနိစ္စ အရာဖြစ်၏။ ကောင်းကင်မှ လျှပ်စီးလက်သကဲ့သို့ ဖြစ်ပေါ်လာပြီးနောက် ပျောက်ကွယ်သွားခြင်းသည် အနိစ္စလက္ခဏာဖြစ်၏။

ရှုသိနေဆဲမှာ ပျောက်ကွယ်သွားခြင်းကို တွေ့ရ၍ မမြဲဟု ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်မှုသည် အနိစ္စာနုပဿနာဉာဏ်ဖြစ်၏။

အနိစ္စာနုပဿနာဉာဏ်နှင့်ပြည့်စုံနေသည့်ပုဂ္ဂိုလ်ကို အနိစ္စာနုပဿီဟုခေါ်၏။

**ဝိရာဂါနုပဿီ ဝိဟာရတိ**

သင်္ခါရတရားတို့၏ ပျက်ပြယ်ကုန်ဆုံးသွားခြင်းနှင့် သင်္ခါရ တရားတို့၏ လုံးဝမဖြစ်တော့ဘဲ ကင်းသွားခြင်းအားဖြင့် ရှုသည်ဖြစ်၍နေ၏။

သင်္ခါရတရားတို့၏ ပျက်ပြယ်ကုန်ဆုံးသွားခြင်းအားဖြင့် ဝိပဿနာဉာဏ်ဖြင့် ရှုသည်ဖြစ်၍ သင်္ခါရတရားတို့၏ လုံးဝမဖြစ်တော့ဘဲ ကင်းသွားခြင်းအားဖြင့် မဂ်ဉာဏ်ဖြင့် ရှုသည်ဖြစ်၍ နေ၏။

(ပါရာဇိကကဏ်၊ ဌ ၊ ဒု၊ ၃၅၊ ဝိသုဒ္ဓိမဂ်၊ ပ ၊၂၈၂)

ဝိပဿနာဉာဏ်ဖြင့် ခယဝိရာဂကို တိုက်ရိုက်အာရုံပြုသောအားဖြင့်၄င်း ၊ အစ္စန္တဝိရာဂနိဗ္ဗာန်ကို ညွှတ်သောအားဖြင့်၄င်း၊ ရှုသည်ဖြစ်၍ မဂ်ဉာဏ်ဖြင့် ခယဝိရာဂကို မတွေမဝေ သိနိုင်ခြင်းသဘော (အသမ္မောဟ)အားဖြင့်၄င်း၊ အစ္စန္တဝိရာဂ နိဗ္ဗာန်ကို တိုက်ရိုက်အာရုံပြုသောအားဖြင့်၄င်း ရှုသည်ဖြစ်နေ၏။

(သာရတ္ထ ဋီ၊ ဒု ၊ ၂၄၆၊ ဝိသုဒ္ဓိမဂ်၊ ဋီ၊ ပ၊ ၃၄၄)

**ဝိရာဂါနုပဿီ၌ ဝိရာဂသည်**

၁။ ခယဝိရာဂ = သင်္ခါရတရားတို့၏ ပျက်ပြယ်ကုန်ဆုံးသွားခြင်း (ဝိပဿနာဉာဏ်)

၂။ အစ္စန္တဝိရာဂ = သင်္ခါရတရားတို့၏ လုံးဝမဖြစ်တော့ဘဲ ကင်းသွားခြင်း (မဂ်ဉာဏ်) ဟူ၍ နှစ်မျိုးရှိသည်။

ဝိရာဂနှစ်မျိုးကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် သိမြင်မှုသည် ဝိရာဂါနုပဿနာဉာဏ်ဖြစ်၏။ ဝိရာဂါနုပဿနာဉာဏ်နှင့် ပြည့်စုံနေသည့် ပုဂ္ဂိုလ်ကို ဝိရာဂါနုပဿီဟုခေါ်၏။

**နိရောဓါနုပဿီ ဝိဟာရတိ**

သင်္ခါရတရားတို့၏ ကုန်ဆုံးချုပ်ငြိမ်းခြင်းအားဖြင့် ဝိပဿနာဉာဏ်ဖြင့် ရှုသည်ဖြစ်၍ သင်္ခါရတရားတို့၏ လုံးဝမဖြစ်တော့ဘဲ ချုပ်ငြိမ်းခြင်းအားဖြင့် မဂ်ဉာဏ်ဖြင့် ရှုသည်ဖြစ်၍ နေ၏။

## နိရောဓါနုပဿီ၌ နိရောဓသည်

၁။ ခယနိရောဓ = ဖြစ်ပေါ်လာသည့် သင်္ခါရတရားတို့၏
ကုန်ဆုံးချုပ်ငြိမ်းသွားခြင်း (ဝိပဿနာဉာဏ်)
၂။ အစ္စန္တနိရောဓ = သင်္ခါရတရားတို့၏ လုံးဝမဖြစ်တော့ဘဲ
ချုပ်ငြိမ်း ခြင်း (မဂ်ဉာဏ်) ဟူ၍ နှစ်မျိုးရှိသည်။

## သင်္ခါရတရားတို့ ချုပ်ငြိမ်းမှုသည်

ဖြစ်ပေါ်ပြီး ပျောက်သွားခြင်းကြောင့် မရှိမှု၊
လုံးဝမဖြစ်ပေါ်ဘဲ မရှိမှု ဟူ၍ နှစ်မျိုးရှိ၏။

နိရောဓနှစ်မျိုးကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် သိမြင်မှုသည် နိရောဓာနုပဿနာဉာဏ်ဖြစ်၏။ နိရောဓါနုပဿနာဉာဏ်နှင့် ပြည့်စုံနေသည့် ပုဂ္ဂိုလ်ကို နိရောဓါနုပဿီဟုခေါ်၏။

## ပဋိနိဿဂ္ဂါနုပဿီ ဝိဟာရတိ

ကိလေသာနှင့် ခန္ဓာတို့ကို တဒင်္ဂအားဖြင့် ပယ်စွန့်တတ်သော ဝိပဿနာဉာဏ်ဖြင့်၎င်း၊ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ပြေးဝင်တတ်သော အရိယာမဂ်ဉာဏ်ဖြင့်၎င်း ရှုသည်ဖြစ်၍နေ၏။

တနည်း ကိလေသာနှင့် ခန္ဓာတို့ကို တဒင်္ဂအားဖြင့် ပယ်စွန့် ၍ နိဗ္ဗာန်သို့ ညွတ်ကိုင်းသောအားဖြင့် ပြေးဝင်တတ်သော ဝိပဿနာဉာဏ်ဖြင့်၎င်း၊ ကိလေသာနှင့် ခန္ဓာတို့ ကို အကြွင်းမဲ့ ပယ်စွန့်၍ နိဗ္ဗာန်သို့ တိုက်ရိုက်အာရုံပြု ပြေးဝင်တတ်သော အရိယာမဂ်ဉာဏ်ဖြင့်၎င်း၊ ရှေးရှေးဉာဏ်တို့၏ နောက်နောက်၌ ရှုသည်ဖြစ်၍ နေ၏။

## ပဋိနိဿဂ္ဂါနုပဿီ၌ ပဋိနိဿဂ္ဂသည်

၁။ ပရိစ္စာဂပဋိနိဿဂ္ဂ = စွန့်လွှတ်ခြင်း
၂။ ပက္ခန္ဒန ပဋိနိဿဂ္ဂ = ပြေးဝင်ခြင်း ဟူ၍ နှစ်မျိုးရှိ၏။

ပဋိနိဿဂ္ဂသည် စွန့်လွှတ်ခြင်း၊ ပြေးဝင်ခြင်းဟူ၍ အနက်အဓိပ္ပါယ်နှစ်မျိုးရှိသည်။

**စွန့်လွှတ်ခြင်းဟူသည်**

အသုံးမကျသဖြင့် စွန့်လိုက် ပယ်လိုက်သည့် အဓိပ္ပါယ်တစ်ခု၊

သွားချင်ရာသွား -ဆိုပြီး ခွင့်ပြုလွှတ်လိုက်သည့် အဓိပ္ပါယ်တစ်ခုဟူ၍ နှစ်မျိုးရှိ၏။

ဤနှစ်မျိုးလုံးကို ဤနေရာ၌ ယူထား၏။

**ပရိစ္စာဂ ပဋိနိဿဂ္ဂဟူသည်** အသုံးမကျသဖြင့် ပယ်စွန့်လိုက်ခြင်းကို ဆိုလို၏။
**ပက္ခန္ဒန ပဋိနိဿဂ္ဂဟူသည်** တခါတည်း သွားရော ဆိုပြီး လွှတ်လိုက်ခြင်းဖြစ်၏၊
ယင်းကို ပြေးဝင်ခြင်း ဟူ၍ ဆို၏။

ဝိပဿနာဉာဏ်သည် ကိလေသာနှင့် ခန္ဓာတို့ကို တဒင်္ဂပဟာန်အားဖြင့် ပယ်စွန့်သောကြောင့် ပရိစ္စာဂ ပဋိနိဿဂ္ဂ မည်၏။
ယင်းဝိပဿနာဉာဏ်သည် နိဗ္ဗာန်သို့ တိုက်ရိုက်အာရုံပြု ပြေးဝင်သည် မဟုတ်သော်လည်း ညွှတ်ကိုင်းသောအားဖြင့် ပြေးဝင်နိုင်သောကြောင့် ပက္ခန္ဒန ပဋိနိဿဂ္ဂ မည်၏။

အရိယာမဂ်ဉာဏ်သည် ကိလေသာနှင့် ခန္ဓာတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်စွန့်သောကြောင့် ပရိစ္စာဂ ပဋိနိဿဂ္ဂ မည်၏။

ထိုအရိယာမဂ်ဉာဏ်သည် တိုက်ရိုက်အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ ပြေးဝင်သောကြောင့် ပက္ခန္ဒန ပဋိနိဿဂ္ဂမည်၏။

မှတ်ချက်။ ။ ခန္ဓာကို ပယ်စွန့်ခြင်းဟူသည် ခန္ဓာ၌ ဆက်စပ်ငြိတွယ်သော ကိလေသာတို့ကို ပယ်စွန့်ခြင်းကို ဆိုလို၏။

**အနုပဿနာ**

ရှေးရှေးဉာဏ်တို့၏ နောက်နောက်၌ သင်္ခါရတရားတို့ကို ရှုတတ်သောကြောင့် ဝိပဿနာဉာဏ်သည် အနုပဿနာမည်၏။

မဂ်ဉာဏ်သည်လည်း ဂေါတြဘုဉာဏ်၏နောက်၌ နိဗ္ဗာန်ကို ရှုတတ်သောကြောင့် အနုပဿနာမည်၏။

ပဋိနိဿဂ္ဂါနုပဿနာဉာဏ် = ဝိပဿနာဉာဏ် မဂ်ဉာဏ်
ပဋိနိဿဂ္ဂါနုပဿီ = ပဋိနိဿဂ္ဂမည်သော ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ရှေးရှေးဉာဏ်တို့၏ နောက်နောက်၌ ရှုသောပုဂ္ဂိုလ်။

**ဝေဒနာသု အနိစ္စာနုပဿီ, ဝိရာဂါနုပဿီ, နိရောဓါနုပဿီ, ပဋိနိဿဂ္ဂါနုပဿီ ဝိဟာရဗ္ဗန္တော န ကိဉ္စိ လောကေ ဥပါဒိယတိ။**

ဝေဒနာတို့၌ မမြဲ - ဟု ရှုသည်ဖြစ်၍၊ ပျက်ပြယ်မှု,ကင်းမှုကို ရှုသည်ဖြစ်၍၊ ချုပ်ပျောက်မှု,ချုပ်ငြိမ်းမှုကို ရှုသည်ဖြစ်၍ စွန့်လွှတ်မှု,ပြေးဝင်မှုကို ရှုသည်ဖြစ်၍ နေသောပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားဟုဆိုအပ်သော လောက၌ တစုံတခုကိုမျှ တဏှာဖြင့် မစွဲလမ်း။

**အနုပါဒိယံ န ပရိတဿတိ။**

မစွဲလမ်းသောပုဂ္ဂိုလ်သည် မတောင့်တ။

**အပရိတဿံ ပစ္စတ္တံယေဝ ပရိနိဗ္ဗာယတိ။**

မတောင့်တသောပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်သာ ကိလေသာမှ ငြိမ်းသော အားဖြင့် ငြိမ်းအေး၏။

ဘဝအသစ်ဖြစ်ခြင်းသည် ကုန်ဆုံးပြီ၊ မြတ်သော အရိယာမဂ် အကျင့်ကို ကျင့်သုံးအပ်ပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုအပ်ပြီးပြီ၊ ဤမဂ်ကိစ္စအကျိုးငှါ အခြားသော ပြုကျင့်ဖွယ်ကိစ္စသည် မရှိပြီဟု ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍ ကိုယ်တိုင်သိ၏။

'မောဂ္ဂလာန် ဤဟောပြောခဲ့ပြီးဖြစ်သော ကျင့်စဉ်ဖြင့် ကျင့်သောပုဂ္ဂိုလ်သည် တဏှာကုန်ရာနိဗ္ဗာန်ကိုရောက်ပြီး ကိလေသာတို့မှ လွတ်မြောက်၏'စသည်ဖြင့် ဖြေတော်မူ၏။

ဤသုတ်သည် အရှင်မောဂ္ဂလာန်အတွက် ဩဝါဒစကားတော်ဖြစ်သလို ဝိပဿနာရှုနည်းလည်း ဖြစ်၏။ ထိုကြောင့် အရှင်မြတ်သည် ရဟန်းဖြစ်သောရက်မှ (၇) ရက်မြောက်နေ့၌ ဤသုတ်(ဒေသနာတော်)ကို နာကြားရ၍ ဓာတ်ကမ္မဋ္ဌာန်းကို ဝိပဿနာရှု၍ ရဟန္တာဖြစ်တော်မူ၏။ (အပ၊ ၄ ၊ ပ၊ ၂၃၅)

## အရှင်သာရိပုတ္တရာ၏ အရဟတ္တမဂ်၊ ဖိုလ်ကျင့်စဉ်

အနုပဒသုတ် (မ၊ ၃၊ ၇၅၊ ၌၊ ၅၆)

**အရှင်သာရိပုတ္တရာအရှင်မြတ်၏ ပညာနှင့် ဆက်စပ်သောဂုဏ် (၁၆)ပါး**

၁။ ပဏ္ဍိတ = ပညာရှိခြင်း၊
၂။ မဟာပဏ္ဍိတ = ကြီးမားသော ပညာရှိခြင်း၊
၃။ ပုထုပညာ = ကျယ်ပြန့်သော ပညာရှိခြင်း၊
၄။ ဟာသပညာ = ရွှင်သော ပညာရှိခြင်း၊
၅။ ဇဝနပညာ = လျှင်မြန်သော ပညာရှိခြင်း၊
၆။ တိက္ခပညာ = ထက်မြက်သော ပညာရှိခြင်း၊
၇။ နိဗ္ဗေဓိကပညာ = ထိုးထွင်းသော ပညာရှိခြင်း၊
၈။ အပ္ပိစ္ဆ = အလိုနည်းခြင်း၊
၉။ သန္တုဋ္ဌ = ရောင့်ရဲလွယ်ခြင်း၊
၁၀။ ပဝိဝိတ္တ = အပေါင်းအဖော်နှင့် ကိလေသာ ကာမဂုဏ်အာရုံတို့မှ ကင်းဆိတ်နေခြင်း၊
၁၁။ အသံသဋ္ဌ = လူရှင် ရဟန်းတို့နှင့် ရောက်တတ်ရာရာကို ပြောပြီး ရောနှောမနေတတ်ခြင်း၊
၁၂။ အာရဒ္ဓဝီရိယ = ကြိုးစားအားထုတ်သည့် လုံ့လနှင့် ပြည့်စုံခြင်း၊
၁၃။ ဝတ္တာ = ပြောဆိုဆုံးမတတ်ခြင်း၊
၁၄။ ဝစနက္ခမ = သူတပါး ဆုံးမမှုကို ခံယူနိုင်ခြင်း၊
၁၅။ စောဒက = မမှန်တာကို ပြုလုပ်ပြောဆိုနေသည့်တပည့်များကို ကရုဏာဖြင့် ကြောင်းကျိုးပြပြီး ဆုံးမခြင်း၊
၁၆။ ပါပဂရဟီ = မကောင်းသော ပုဂ္ဂိုလ်နှင့် မကောင်းသောအကျင့်ကို ကဲ့ရဲ့ ရှုတ်ချလေ့ရှိခြင်း။

သုသီမသုတ် (သံ ၊ ၁၊ ၆၂)

ဤအနုပဒသုတ်၌ အရှင်မြတ်၏ ပညာဂုဏ်ကို (၇) မျိုးတို့ဖြင့်သာ ချီးကျူး ထားသော်လည်း သုသီမသုတ်၌ကား (၁၆)မျိုးတို့ဖြင့် ချီးကျူးထား၏။

**ပဏ္ဍိတ = ပညာရှိ၏ဟူသည်**

အာယတန၊ ဓာတ် ၊ ပဋိစ္စသမုပ္ပါဒ်၊ အရာဌာန ဟုတ်သည် မဟုတ်သည်တို့၌ လိမ္မာကျွမ်းကျင်ခြင်းကို ဆိုလိုပါ၏။

မဟာပညာ = ပညာကြီးခြင်းဟူသည်

မြင့်မြတ်သည့် သီလ၊ သမာဓိ၊ ပညာဂုဏ်များ၊ သမာပတ်များ အရိယာသစ္စာတရားများ၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့ကို အားထုတ်၍ ဉာဏ်ဖြင့် သိမြင်နိုင်ခြင်းကို ဆိုလို၏။

ပုထုပညာ = ကျယ်ပြန့်သော ပညာရှိခြင်းဟူသည်

သိခြားကွဲပြားနေသည့် ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်၊ သီးခြားကွဲပြား နေသည့် ပဋ္ဌာန်းသမ္ဘိဒါလေးပါး၊ သီးခြားကွဲပြားနေသည့် ဗောဓိပက္ခိယတရား၊ ပရမတ္ထတရား၊ နိဗ္ဗာန်တို့၌ ဉာဏ်သက်ဝင် မြင်စေနိုင်မှုကို ဆိုလို၏။

ဟာသပညာ = ရွှင်လန်းတက်ကြွသည့် ပညာရှိခြင်းဟူသည်

သီလ၊ သမာဓိ၊ ပညာတရားများကို ဖြည့်ကျင့်သည်ဖြစ်စေ၊ ဗောဓိပက္ခိယ တရားများကို ကျင့်ကြံသည်ဖြစ်စေ ရွှင်လန်းတက်ကြွစွာသည့် အသိဉာဏ်ဖြင့် ပြုလုပ်ခြင်းကို ဆိုလို၏။

ဇဝနပညာ = လျှင်မြန်သော ပညာရှိခြင်းဟူသည်

အတိတ် အနာဂတ် ပစ္စုပ္ပန်၊ အဇ္ဈတ္တ,ဗဟိဒ္ဓ၊ ဩဠာရိက,သုခုမ၊ ဟီန,ပဏီတ၊ ဒူရ,သန္တိကအားဖြင့် (၁၁)မျိုးသော အခြင်းအရာအားဖြင့်ဖြစ်သော လောကီသင်္ခါရ တရားများကို လက္ခဏာရေးသုံးပါးတို့ဖြင့် ဉာဏ်ဖြင့် လျှင်မြန်စွာ သိမြင်မှု၊ သစ္စာလေး ပါးတရားကို ဉာဏ်ဖြင့် လျှင်မြန်စွာ သိမြင်မှုကို ဆိုလို၏။

တိက္ခပညာ = ထက်မြက်သော ပညာရှိခြင်းဟူသည်

ရာဂ၊ ဒေါသ၊ မောဟ၊ ကောဓ၊ ဥပနာဟ၊ မက္ခ၊ ပဠာသ၊ ဣဿာ၊ မစ္ဆရိယ၊ မာယာ၊ သာဌေယျ၊ ထမ္ဘ၊ သာရမ္ဘ၊ မာန၊ အတိမာန၊ မဒ၊ ပမာဒ ကိလေသာများ၊ မကောင်းသောအတွေးများ၊ အကုသိုလ်တရားများကို ချက်ချင်း ပယ်ဖျောက်နိုင်ခြင်း၊ တစ်နေရာတည်း၌ သမာပတ်၊ အဘိညာဉ်၊ မဂ်ဖိုလ်၊ ပဋိသမ္ဘိဒါဉာဏ်တို့ကို သိနိုင်ခြင်း ကိုဆိုလို၏။

**နိဗ္ဗေဓိကပညာ = ထိုးထွင်းသောပညာရှိခြင်းဟူသည်**

သင်္ခါရတရားတို့၌ ထိုးထွင်းသိဖို့မလွယ်သော လောဘအစု ဒေါသအစု မောဟအစုစသော ကိလေသာတရား၊ ဘဝကို ရောက်စေတတ်သောကံတို့ကို ထိုးထွင်းဖောက်ထွင်းသိမြင်ခြင်းကို ဆိုလို၏။ (သံ၊ ဋ္ဌ၊ ပ၊ ၁၀၉။ မ၊ ဋ္ဌ၊ ၄၊ ၅၆)

ရဟန်းတို့ သာရိပုတ္တရာသည် လဝက်ပတ်လုံး အနုပဒဓမ္မဝိပဿနာရှု၏။

**ဝိပဿနာရှုနည်း (၂)မျိုး**

သမူဟဂဟဏဝသေန ပဝတ္တံ ကလာပသမ္မသနံ၊

ဖဿာဒိဧကေကဓမ္မဂဟဏဝသေန ပဝတ္တာ အနုပဒဓမ္မဝိပဿနာ။

(မူလဋီကာ၊ ၁၀၉)

**ဝိပဿနာရှုနည်းဟူသည်**

၁။ ကလာပသမ္မသနဝိပဿနာ (ကလာပဝိပဿနာ) ရှုနည်း

၂။ အနုပဒဓမ္မဝိပဿနာ ဟူ၍ နှစ်မျိုးရှိ၏၊ ထိုတွင်

**ကလာပသမ္မသနဝိပဿနာ (ကလာပဝိပဿနာ)ရှုနည်းဟူသည်**

ရုပ်တရားတို့ကို စုပေါင်း၍၄င်း၊ နာမ်တရားတို့ကို စုပေါင်း၍၄င်း လက္ခဏာ ရေးသုံးဖြင့် ဝိပဿနာရှုခြင်းဖြစ်၏။

သင်္ခါရတရားတို့ကို တစ်စုတည်းပေါင်း၍၄င်း၊ ရုပ်နာမ်နှစ်ပါးနည်းဖြင့် နှစ်စု ခွဲ၍၄င်း၊ ခန္ဓာငါးပါးနည်းဖြင့် ငါးစုခွဲ၍၄င်း၊ အာယတန (၁၂)ပါးနည်းဖြင့် (၁၂)စု ခွဲ၍၄င်း၊ ဓာတ် (၁၈)ပါးနည်းဖြင့် (၁၈)စုခွဲ၍၄င်း စုပေါင်းပြီး ဝိပဿနာရှုခြင်း ဖြစ်၏။

**အနုပဒဓမ္မဝိပဿနာရှုနည်းဟူသည်မှာ**

ရုပ်ကလာပ်တစ်ခုအတွင်း၌ ရုပ်သဘောတစ်ခုစီကို၄င်း၊ စိတ္တက္ခဏတစ်ခုအတွင်း အတူဖြစ်သော သမ္ပယုတ်တရားတို့၌ နာမ်သဘောတရား တစ်ခုစီကို၄င်း လက္ခဏာရေးသုံးပါးဖြင့် ဝိပဿနာရှုခြင်းဖြစ်၏။

အရှင်သာရိပုတ္တရာသည် သမာပတ်၏အစွမ်းဖြင့်၄င်း၊ ဈာန်အင်္ဂါ၏အစွမ်းဖြင့် ၄င်း၊ အစဉ်အတိုင်း အသေးစိတ် ဝိပဿနာရှုသော အနုပဒဓမ္မဝိပဿနာရှုနည်းဖြင့် ဝေဒနာကမ္မဋ္ဌာန်းကို စီးဖြန်း၍ ရဟန်းဖြစ်သောနေ့မှ လခွဲ (၁၅)ရက်မြောက်နေ့၌ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏၊ ဉာဏ်ပညာ(၁၆)ပါးတို့ကိုလည်း ထိုးထွင်း သိတော်မူ၏။

အရှင်မောဂ္ဂလာန်သည် ရဟန်းဖြစ်သည့်နေ့ မှ (၇)ရက်မြောက်နေ့၌ မြတ်ဗုဒ္ဓ နည်းပေးအပ်သည့် ဓာတ်ကမ္မဋ္ဌာန်းကို နာကြားရလျှင် အထက်မဂ်ကိစ္စအားလုံးကို ပြီးစေ၍ သာဝကပါရမီဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူ၏။

အမေး အဖြေ

**အမေး။** ။ အရှင်သာရိပုတ္တရာသည် ပညာဉာဏ်ကြီးသူဖြစ်တော်မူပါလျက် အဘယ့်ကြောင့် အရှင်မောဂ္ဂလာန်၏ နောက်ကျမှ ရဟန္တာဖြစ်ရပါသလဲ?

**အဖြေ။** ။ အရှင်သာရိပုတ္တရာ၏ ဝိပဿနာကာံက အရှင်မောဂ္ဂလာန်၏ ဝိပဿနာပရိကာံထက် ကြီးကျယ်များပြားလှသောကြောင့် နောက်ကျမှ ရဟန္တာဖြစ်ရသည်။

ဥပမာကား   သာမန်အရပ်သားများ ခရီးသွားကြလျှင် အဆောင်အယောင် နည်းပါးသဖြင့် လျှင်မြန်စွာ ထွက်သွားနိုင်ကြ၏၊ တိုင်းပြည်ခေါင်းဆောင်များ ခရီးသွားကြလျှင်ကား အစောင့်တပ်များ ဝန်ကြီး ဝန်လေးစသည်ဖြင့် အဆောင်အယောင်များသဖြင့် ချက်ချင်းမထွက်နိုင်ကြဘဲ အချိန်ကြာမြင့်မှ ထွက်နိုင်ကြသကဲ့သို့ ဖြစ်၏။

**ဝိပဿနာဉာဏ်၏ဖြစ်ရာတရားအစု**

ဘုရားအလောင်းတော်များ၊ ပစ္စေကဗုဒ္ဓါအလောင်းအလျာများ၊ သာဝကဗောဓိ အလောင်းအလျာများ၏ ဝိပဿနာရှုရာ ရုပ်နာမ်ဓမ္မသင်္ခါရတရားအစုကို သမ္မသန= အနိစ္စ ဒုက္ခ အနတ္တ ဟုဆင်ခြင်သုံးသပ်သောဉာဏ်၏ ကျက်စားရာ တရားအစု ဟု ခေါ်၏၊ ဝိပဿနာဘူမိ= ဝိပဿနာဉာဏ်၏ ဖြစ်ရာတရားအစု ဟု လည်းခေါ်၏။

**ပုဂ္ဂိုလ်(၃)မျိုးနှင့် ဆင်ခြင်သုံးသပ်နိုင်သည့်တရားများ**

**၁။ သမ္မာသမ္ဗောဓိ** = ဘုရားအလောင်းတော်တို့သည် စကြာဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းအတွင်း၌ရှိသော သတ္တဝါတို့ သန္တာန်၌ တည်ရှိသည့် ရုပ်နာမ် သင်္ခါရတရားတို့ကိုင်၄၊ ဗဟိဒ္ဓသင်္ခါရတရားတို့ကို၄င်း လက္ခဏာရေး သုံးချက်တင်၍ ဆင်ခြင်သုံးသပ်တော်မူကြ၏။

**၂။ ပစ္စေကဗောဓိ** = ပစ္စေကဗုဒ္ဓါအလောင်းတော်တို့သည် မိမိသန္တာန်၌ဖြစ်သော သင်္ခါရတရားများ၊ ဇမ္ဗူဒိပ်ကျွန်း (မဇ္ဈိမတိုက်သား) သတ္တဝါတို့ သန္တာန်၌ဖြစ်သော သင်္ခါရတရားများနှင့် ဗဟိဒ္ဓသင်္ခါရတရားတို့ကို၄င်း လက္ခဏာရေး သုံးပါတင်၍ ဆင်ခြင်သုံးသပ်တော်မူကြ၏။

**၃။ သာဝကဗောဓိ** = အဂ္ဂသာဝကအလောင်း၊ မဟာသာဝကအလောင်း၊ ပကတိသာဝကအလောင်းတို့သည် မိမိသန္တာန်၌ဖြစ်သော သင်္ခါရတရားတို့ကို ၄င်း သူတပါးသန္တာန်၌ဖြစ်သော သင်္ခါရတရားတို့ကိုလည်း ပုဂ္ဂိုလ်သန္တာန်ခွဲဝေမှုမပြုဘဲ ဗဟိဒ္ဓအဖြစ်ဖြင့် တူသောကြောင့် တပေါင်းတည်းပြု၍၄င်း လက္ခဏာ သုံးပါးတင်၍ ဆင်ခြင်သုံးသပ်တော်မူကြ၏။

အရှင်မောဂ္ဂလာန်သည် မိမိသန္တာန်၌ဖြစ်သော သင်္ခါရတရား၊ သူတပါး သန္တာန်၌ဖြစ်သော သင်္ခါရတရားတို့ကို တရားလုံးစေ့မဟုတ်ဘဲ အချို့သော သင်္ခါရတရားတို့ကို လိုရင်းထုတ်၍ လက္ခဏာရေး သုံးပါးတင်ကာ ဆင်ခြင် သုံးသပ်တော်မူ၏။

အရှင်သာရိပုတ္တရာသည်ကား သာဝကဗောဓိအလောင်းအလျာတို့၏ ဝိပဿနာဉာဏ်ဖြစ်ပွားရာ သင်္ခါရတရားတို့ကိုပင် လက္ခဏာရေး သုံးပါးဖြင့် ဆင်ခြင်သုံးသပ်တော်မူရာ၌ အရှင်မောဂ္ဂလာန်ထက်သာလွန်၍ တရားအားလုံးကို တရားလုံး တစ်ခုစီ ထုတ်ကာ ဝိပဿနာရှုဆင်ခြင်တော်မူ၏။

သို့ဖြစ်၍ အရှင်မောဂ္ဂလာန်သည် သာဝကတို့၏ ဆင်ခြင်သုံးသပ်သော သင်္ခါရတရားအစုကို တောင်ဝှေးထိပ်ဖြင့် မြေပေါ်၌ ထောက်၍သွားသောသူသည် မြေကြီး၏ တစိတ်တဒေသကိုသာ ထောက်မိသကဲ့သို့ (မထောက်မိသော မြေကြီး ကသာ များသကဲ့သို့) တစိတ်တဒေသဖြစ်သော သင်္ခါရတရားအစုကို ဆင်ခြင် သုံးသပ်တော်မူလျက် (၇)ရက်မျှ အားထုတ်၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

အရှင်သာရိပုတ္တရာသည်ကား ဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်းတို့၏ ဆင်ခြင်သုံးသပ်သောတရားအစုကို ထား၍ သာဝကဆိုင်ရာ ဆင်ခြင်သုံးသပ်သော သင်္ခါရတရားအစုကို အကြွင်းအကျန်မရှိ သုံးသပ်ဆင်ခြင်တော်မူလျက် (၁၅) ရက် ကြာအောင် အားထုတ်၍ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီးလျှင်ပင် 'သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ပစ္စေကအရှင်မြတ်တို့ကို ထား၍ ငါ့ပညာဖြင့် ဆိုက်ရောက်သိအပ်သောတရားကို ငါနှင့်တန်းတူဆိုက်ရောက်သိခြင်းငှါစွမ်းနိုင်သည့် အခြားသာဝကတပါးမှ မရှိ'ဟူ၍ ရဲရဲတောက် သိမြင်တော်မူ၏။

ဥပမာအားဖြင့် ဝါးတောင်ဝှေးခုတ်ယူလိုသော ပထမပုဂ္ဂိုလ်သည် ရှုပ်ထွေး နေသော ဝါးရုံကြီးကို တွေ့မြင်သောအခါ အရှုပ်အထွေးတို့ကို ဖြတ်တောက်ခုတ် ရှင်း၍ အတွင်းမှ အကောင်းကိုသာ ရွေးထုတ်ခုတ်ယူနေလျှင် အချိန်ကြာမြင့်နေ လိမ့်မည် ဟု အောက်မေ့ကာ ဝါးရုံအတွင်း လက်ကိုသွင်းပြီးလျှင် လက်လှမ်း မှီသော

တောင်ဝှေးကိုသာ အရင်းအဖျားဖြတ်၍ ယူဆောင်ကာ သွားလေရာ၏။ ထိုပုဂ္ဂိုလ်သည် ရှေးဦးစွာ တောင်ဝှေးကို ရယူ၍ သွားသော်လည်း တောင်ဝှေး ကောင်းကောင်းနိုင်နိုင် ဖြောင့်ဖြောင့်ကိုမူ မရနိုင်။

အခြားဒုတိယမြောက် တောင်ဝှေးခုတ်ယူလိုသောပုဂ္ဂိုလ်သည် ရှုပ်ထွေးနေသော ဝါးရုံကြီးကိုပင် မြင်တွေ့သောအခါ အကယ်၍ လက်လှမ်းမှီသော တောင်ဝှေးကိုသာ အရင်းအဖျားဖြတ်၍ ယူဆောင်သွားလျှင် တောင်ဝှေး ကောင်းကောင်းနိုင်နိုင် ဖြောင့်ဖြောင့်ကို ရလိမ့်မည်မဟုတ် ဟု အောက်မေ့ကာ ခါးတောင်းကြိုက်ပြီး ဓားထက်ထက်ဖြင့် ဝါးရုံအရှုပ်အထွေးကို ခုတ်ဖြတ်၍ တောင်ဝှေးကောင်းကောင်း နိုင်နိုင် ဖြောင့်ဖြောင့်ကိုသာ ရွေးချယ်ခုတ်ယူကာ သွားလေရာ၏။

ဤဒုတိယပုဂ္ဂိုလ်သည် နောက်မှလာပြီး တောင်ဝှေးကို ရယူသွားသော်လည်း တောင်ဝှေး ကောင်းကောင်း နိုင်နိုင် ဖြောင့်ဖြောင့်ကိုသာ ရယူသွားသကဲ့သို့ ဤဉပမာ အတိုင်းပင် အဂ္ဂသာဝကမထေရ်မြတ်နှစ်ပါးတို့ ၏ အရဟတ္တမဂ်ဖိုလ် ရယူခြင်းကို မှတ်သားရာ၏။

ပထမပုဂ္ဂိုလ်၏ တောင်ဝှေးကို ခုတ်ယူခြင်း အလျှင်လက်ဦး တောင်ဝှေးကို ရယူခြင်းနှင့် အရှင်မောဂ္ဂလာန်၏ ပဓါနအလုပ်အားထုတ်ခြင်း အရဟတ္တမဂ်ဖိုလ်ကို ရယူခြင်းတို့ တူ၏။

ဒုတိယပုဂ္ဂိုလ်၏ စိတ်ရှည်လက်ရှည် အေးဆေးစွာ တောင်ဝှေးကို ခုတ်ယူခြင်း၊ နောက်မှ တောင်ဝှေး ကောင်းကောင်းနိုင်နိုင် ဖြောင့်ဖြောင့်ကို ရယူခြင်းနှင့် အရှင်သာရိပုတ္တရာ၏ အေးဆေးစွာ (၁၅)ရက်ကြာ ပဓါနအလုပ်အားထုတ်ခြင်း သာဝကပါရမီဉာဏ်အထွက် အထိပ်ရောက် အရဟတ္တမဂ်ဖိုလ်ကို ရယူခြင်းတို့ တူ၏။

**အဂ္ဂသာဝကနှစ်ပါးတို့၏ ပဋိပဒါအထူး**

အရှင်မောဂ္ဂလာန်၏ အောက်မဂ်သုံးပါးတို့သည် သုခပဋိပဒါဒန္ဓာဘိညာ = နီဝရဏတို့ကို လျှင်မြန်လွယ်ကူစွာ ပယ်နိုင်၍ ထို၏ အထက်မဂ်သို့ ရောက်ရန် ဝိပဿနာဉာဏ်တို့ကား နှေးသောဝိပဿနာဉာဏ်ရှိကြသည့် အောက်မဂ်တို့ ဖြစ်ကြ၏။

အရဟတ္တမဂ်သည် ဒုက္ခပဋိပဒါခိပ္ပါဘိညာ= နီဝရဏတို့ကို ခဲယဉ်းစွာ ပယ်ရ၍ ထို၏အထက် အရဟတ္တမဂ်သို့ ရောက်ရန် ဝိပဿနာအသိဉာဏ်တို့ကား လျှင်မြန် ထက်မြက်သော ဝိပဿနာဉာဏ်ရှိသည့် အရဟတ္တမဂ်ဖြစ်၏။

အရှင်သာရိပုတ္တရာ၏ အောက်မဂ်သုံးပါးတို့သည် သုခပဋိပဒါဒန္ဓာဘိညာ = အောက်မဂ်တို့ဖြစ်ကြ၏၊ အရဟတ္တမဂ်သည်ကား သုခပဋိပဒါခိပ္ပါဘိညာ = နီဝရဏ တို့ကိုလည်း လွယ်ကူစွာ ပယ်နိုင်၍ ထို၏အထက် အရဟတ္တမဂ်သို့ ရောက်ရန် ဝိပဿနာအသိဉာဏ်တို့သည် လျှင်မြန်ထက်မြက်သော ဝိပဿနာတို့ရှိသည့် အရဟတ္တမဂ်ဖြစ်၏။

(အံ၊ ၄၊၂၊ ၃၄၅) ၇၊ မဟာဝေဒလ္လသုတ်နှင့် ၈၊ သာရိပုတ္တရာသုတ်၏ အဖွင့်များ

## ပထမဈာန်

ရဟန်းတို့ ဤသာသနာတော်၌ သာရိပုတ္တရာသည် ဝတ္ထုကာမ ကိလေသာ ကာမတို့မှ၎င်း အကုသိုလ်တရားတို့မှ၎င်း ကင်းဆိတ်၍သာ ဝိတက်ဝိစာရရှိသော ကာယဝိဝေက စိတ္တဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသော ပထမဈာန်သို့ ရရောက်၍နေ၏။

ပထမဈာန်၌ရှိသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ (ဈာန်အင်္ဂါငါးပါး)
ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်
(ဖဿပဉ္စကတရားငါးပါး)
ဆန္ဒ၊အဓိမောက္ခ၊ဝီရိယ၊ သတိ၊ ဥပေက္ခာ
(တတြမဇ္ဈတ္တတာ)၊ မနသိကာရ (၆)ပါး

ဟူသော (၁၆)ပါးသော တရားတို့၏ သဘောလက္ခဏာတို့ကို အစဉ်အတိုင်း ပိုင်းခြား၍ သိ၏။ ထိုတရားတို့သည် သာရိပုတ္တရာအား ဖြစ်ပေါ်လာသည်ရှိသော် ထင်ရှားကုန်သည်ဖြစ်၍ ဖြစ်ပေါ်ကြ၏။(ဖြစ်စကို သိ၏)၊ တည်ကုန်သည်ရှိသော် ထင်ရှားကုန်သည်ဖြစ်၍ တည်ကြ၏။(အလယ်ကို သိ၏) ချုပ်ပျောက်ကုန်သည် ရှိသော် ထင်ရှားကုန်သည်ဖြစ်၍ ချုပ်ပျောက်ကြ၏။ (အဆုံးကို သိ၏) (အစ၊ အလယ်၊ အဆုံး အကုန်လုံး သိ၏ ဟုဆိုလို၏)

ဤ(၁၆)ပါးသောတရားတို့သည် ရှေးကမရှိဘဲ ဖြစ်ပေါ်လာကြ၏၊ ဖြစ်ပေါ်ပြီး၍ ချုပ်ပျောက်သွားကြ၏ဟူ၍ သိ၏၊ သာရိပုတ္တရာသည် ထိုတရားတို့၌ ရာဂဖြင့် မကပ်ငြိသည်ဖြစ်၍ ဒေါသဖြင့် မဖဲခွါသည်ဖြစ်၍ တဏှာဒိဋ္ဌိတို့ဖြင့် မမှီသည်ဖြစ်၍ ဆန္ဒရာဂဖြင့် မဖွဲ့အပ်သည်ဖြစ်၍ ကာမရာဂမှ လွတ်မြောက်သည်ဖြစ်၍ ကိလေသာတို့နှင့် မယှဉ်သည်ဖြစ်၍ အပိုင်းအခြားကင်းသော စိတ်ဖြင့်နေ၏။

ထိုသာရိပုတ္တရာသည် ပထမဈာန်သာလွန်သော လွတ်မြောက်ကြောင်း တရားသည်ရှိသေး၏ဟုသိ၏၊ ထိုသို့ ဆင်ခြင်ခြင်းကို အကြိမ်များစွာပြုခြင်းကြောင့်

အထက်၌ လွတ်မြောက်ကြောင်းတရားသည်ရှိသေး၏ဟူ၍သာ သာရိပုတ္တရာ သန္နာန်၌ဖြစ်၏။

**ဈာန်အင်္ဂါနှင့် ဆန့်ကျင်ဘက် နီဝရဏများ**

| ဈာန်အင်္ဂါ | ဆန့်ကျင်ဘက်နီဝရဏ |
|---|---|
| ဝိတက် | ထိန၊ မိဒ္ဓ |
| ဝိစာရ | ဝိစိကိစ္ဆာ |
| ပီတိ | ဗျာပါဒ(ဒေါသ) |
| သုခ(ဥပေက္ခာ) | ဥဒ္ဓစ္စ၊ ကုက္ကုစ္စ |
| ဧကဂ္ဂတာ | ကာမစ္ဆန္ဒ(လောဘ) |

(ပေဋကောပဒေသ၊၂၇၃)

**ပထမဈာန်နှင့် ပယ်ရမည့်တရား (၆)ပါး**

ကာမစ္ဆန္ဒ၊ဗျာပါဒ၊ထိန မိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဟူသော နီဝရဏငါးပါး၊

ကာမဂုဏ်အာရုံတို့ ၌ အပြစ်ကို ပညာဖြင့် ဟုတ်တိုင်းမှန်စွာ မမြင်ခြင်း၊

ပထမကဖ္ဗာနသုတ်(အံ၊ ၂၊ ၃၇၃)

ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံ သာဝိတက်ဟူသော ဝိတက်(၃)ပါး

ကာမသညာ၊ ဗျာပါဒသညာ၊ ဝိဟိံ သသညာဟူသော သညာ(၃)ပါး

ဒုတိယကဖ္ဗာနသုတ်(အံ ၊ ၂၊ ၃၇၄)

**နီဝရဏ(၅)ပါး ပယ်အောင်ကျင့်နည်း**

ကာမရာဂကို ပယ်ခြင်းအကျိုးငှါ အသုဘကမ္မဋ္ဌာန်းကို ဟောတော်မူ၏။

ဗျာပါဒကို ပယ်ခြင်းအကျိုးငှါ မေတ္တာကမ္မဋ္ဌာန်းကို ဟောတော်မူ၏။

ထိန မိဒ္ဓကို ပယ်ခြင်းအကျိုးငှါ ထိန မိဒ္ဓပယ်ဖျောက်ကြောင်း ကမ္မဋ္ဌာန်း၊
အာလောကသညာ၊ ဝီရိယာရမ္ဘဝတ္ထု
စသည်တို့၏ တပါးပါးတို့ကို ဟောတော်မူ၏။

ဥဒ္ဓစ္စ ကုက္ကုစ္စကို ပယ်ခြင်းအကျိုးငှါ သမထကမ္မဋ္ဌာန်းကို ဟောတော်မူ၏။

ဝိစိကိစ္ဆာကို ပယ်ခြင်းအကျိုးငှါ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ပြောဆို လိုသည်ဖြစ်၍ တရားကို ဟောတော်မူ၏။

(အံ၊ ၄ ၊ ၂၊ ၁၀၂) ပဌမသမယသုတ်အဖွင့်

**ဈာန်အင်္ဂါများ ဆင်ခြင်နည်း**

ဝတ္ထာရမ္မဏကာနံ ပရိဂ္ဂဟိတတာယ (မ၊ ၃၊ ၄၊ ၆၀) အနုပဒသုတ်အဖွင့်

ဝတ္ထု(ဒွါရ) နှင့်အာရုံတို့ကို အတူတွဲပြီး ဉာဏ်ဖြင့် မြင်အောင် ဆင်ခြင် ခြင်းကြောင့် ဈာန်တရားတို့၏ ဖြစ်ခြင်းသည် ထင်ရှား၏၊ ထို့ကြောင့် ဝိပဿနာရှု ခြင်းဖြစ်၏။ ဈာန်ရသော ကမ္မဋ္ဌာန်းတစ်ခုခုကို ကြိုးစားအားထုတ်၍ ပဋိဘာဂနိမိတ် ဖြစ်ပေါ်လာ၏၊ ထိုပဋိဘာဂနိမိတ်သည် အထူးကြည်လင် တောက်ပလာသောအခါ ဘဝင် မနောအကြည်၏ တည်ရာ နှလုံးအိမ်အတွင်း ဟဒယဝတ္ထုရှိရာဘက်ကို အာရုံယူကြည့်ရမည်။ အကြိမ်များစွာ လေ့ကျင့်လျှင် ဟဒယဝတ္ထုကို မှီ၍ဖြစ်နေသော ဘဝင်မနောအကြည် = မနောဒွါရကိုင်း ထိုမနောဒွါရ၌ထင်နေသော ပဋိဘာဂနိမိတ် ကိုင်း လွယ်ကူစွာ ဉာဏ်ဖြင့် သိမြင်နိုင်၏၊ ယင်းဘဝင်မနောဒွါရနှင့် ပဋိဘာဂနိမိတ် ကို ပူးတွဲလျှက် ဈာန်အင်္ဂါတို့ကို ဆင်ခြင်ကြည့်ရမည်။

ရှေးဦးစွာ ဈာန်အင်္ဂါတို့ကို တစ်ခုစီ ထင်ရှားစွာ သိအောင် ဉာဏ်ဖြင့် ဆင်ခြင်ပြီးမှ ဈာန်အင်္ဂါ ငါးခုလုံးကို ပြိုင်တူလိုလို ဉာဏ်၌ ထင်လာအောင် ဆင်ခြင်ရမည်။

**ဝင်စားမှု များစေ ဆင်ခြင်မှုနည်းစေ**

ပထမဈာန်ကို ရခါစ ဖြစ်သောယောဂီသည် ဈာန်ဝင်စားမှုများရမည်၊ ဈာန် အင်္ဂါများကို ဆင်ခြင်မှုကား နည်းရမည်။

**ဒုတိယဈာန်**

ရဟန်းတို့ တဖန်လည်း သာရိပုတ္တရာသည် ဝိတက် ဝိစာရတို့၏ ကင်းခြင်းကြောင့် မိမိအတွင်းသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်၊ တစ်ခုဖြစ်လျက် ပွားစေတတ်သော ဝိတက် ဝိစာရကင်းသော သမာဓိကြောင့်ဖြစ်သော ပီတိသုခ ရှိသော ဒုတိယဈာန်ကို ရရောက်၍နေ၏။

ဒုတိယဈာန်၌ရှိသော သဒ္ဓါ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ (၄)ပါး

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်

(ဖဿပဉ္စမကတရား ငါးပါး)

ဆန္ဒ၊ အဓိမောက္ခ၊ ဝီရိယ၊ သတိ၊ ဥပေက္ခာ၊ မနသိကာရ (၆ ပါး)+ (၁၅ပါး)တို့၏ သဘောလက္ခဏာတို့ကို အစဉ်အတိုင်း ပိုင်းခြား၍ သိ၏။

## တတိယဈာန်

ရဟန်းတို့ တဖန်လည်း သာရိပုတ္တရာသည် ပီတိကင်းခြင်းကြောင့် လျစ်လျူရှုလျက်နေ၏။ သတိပညာနှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာကို ကိုယ်ဖြင့်ခံစား၏၊ သတိရှိသည်ဖြစ်၍ လျစ်လျူရှုလျက် ချမ်းသာစွာနေလေ့ရှိ သူဟူ၍ အရိယာသူတော်ကောင်းတို့ ချီးမွမ်းကြောင်းဖြစ်သော တတိယဈာန်ကို ရရောက်၍ နေ၏။

တတိယဈာန်၌ရှိသော သုခ၊ သတိ၊ သမ္ပဇဉ်၊ ဧကဂ္ဂတာ (၄ပါး)
ဖဿပဉ္စမကတရား (ငါးပါး)
ဆန္ဒစသော (၆)ပါး+(၁၅)ပါးတို့၏ သဘောလက္ခဏာ တို့ ကို အစဉ်အတိုင်း ပိုင်းခြား၍ သိ၏။

## စတုတ္ထဈာန်

ရဟန်းတို့ တဖန်လည်း သာရိပုတ္တရာသည် သုခဒုက္ခတို့ကို ပယ်၍ သောမနဿ ဒေါမနဿတို့၏ ရှေးကပင် ချုပ်ပျောက်ပြီးဖြစ်သောကြောင့် ဒုက္ခသုခ မရှိတော့ဘဲ ဥပေက္ခာကြောင့် ဖြစ်သော သတိစင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ကို ရရောက်၍ နေ၏။

စတုတ္ထဈာန်၌ရှိသော ဥပေက္ခာ၊ သတိ၏စင်ကြယ်ခြင်း၊ နှလုံးမသွင်းခြင်း၊
ဧကဂ္ဂတာ (၄ပါး)
ဖဿပဉ္စမကတရား (၅ပါး)
ဆန္ဒစသောတရား (၆ပါး)+(၁၅)ပါးတို့၏
သဘောလက္ခဏာတို့ကို အစဉ်အတိုင်း ပိုင်းခြား၍
သိ၏။

**အာကာသာနဉ္စာယတနဈာန်**

ရဟန်းတို့ တဖန်လည်း သာရိပုတ္တရာသည် ရုပ်အာရုံကို အမှတ်ပြုသည့် သညာတို့ကို လွန်မြောက်သည်ဖြစ်၍ ဝတ္ထုအာရုံတို့၏ ထိခိုက်ခြင်းကြောင့်ဖြစ်သော ပဋိဃသညာတို့၏ ချုပ်ပျောက်သည်ဖြစ်၍ အထူးထူးသော သဘောရှိသော ရူပ သဒ္ဒစသော အာရုံ၌ဖြစ်သော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို ခွါ၍ရအပ်သောကောင်းကင် ပညတ်သည် အဆုံးမရှိ ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနဈာန်ကို ရရောက်၍ နေ၏။

ထိုဈာန်၌ရှိသော အာကာသာနဥ္စာယတနသညာ၊ ဧကဂ္ဂတာ(၂-ပါး)
(အဘိဓမ္မာနည်းမှာ ဥပေက္ခာ၊ ဧကဂ္ဂတာ)
ဖဿပဥ္စမကတရား (၅-ပါး)
ဆန္ဒစသောတရား (၆ ပါး)+ (၁၃)ပါးတို့၏
သဘောလက္ခဏာတို့ကို အစဉ်အတိုင်း ပိုင်းခြား၍ သိ၏။

**ဝိညာဏဥ္စာယတနဈာန်**

ရဟန်းတို့ တဖန်လည်း သာရိပုတ္တရာသည် အာကာသာနဥ္စာယတနဈာန်ကို လွန်မြောက်၍ အာကာသာနဥ္စာယတန ဝိညာဏ်သည် အဆုံးမရှိ ဟု နှလုံးသွင်းလျှက် ဝိညာဏဥ္စာယတနဈာန်ကို ရရောက်၍နေ၏။

ထိုဈာန်၌ရှိသော ဝိညာဏဥ္စာယတနသညာ၊ ဧကဂ္ဂတာ (၂ပါး)
ဖဿပဥ္စမကတရား (၅-ပါး)
ဆန္ဒစသောတရား (၆ပါး)+(၁၃)ပါးတို့
သဘောလက္ခဏာတို့ကို အစဉ်အတိုင်း ပိုင်းခြား၍ သိ၏။

**အာကိဥ္စညာယတနဈာန်**

ရဟန်းတို့ တဖန်လည်း သာရိပုတ္တရာသည် ဝိညာဏဥ္စာယတနဈာန်ကို လွန်မြောက်၍ ဘာမှ မရှိ ဟု နှလုံးသွင်းလျက် အာကိဥ္စာယတနဈာန်ကို ရရောက်၍ နေ၏။

ထိုဈာန်၌ရှိသော အာကိဥ္စညာယတနသညာ၊ ဧကဂ္ဂတာ (၂-ပါး)
ဖဿပဥ္စမကတရား (၅-ပါး)
ဆန္ဒစသောတရား (၆ပါး)+(၁၃)ပါးတို့၏
သဘောလက္ခဏာတို့ကို အစဉ်အတိုင်း ပိုင်းခြား၍ သိ၏။

မှတ်ချက်။ ။ စိတ်တို့သည် စိတ္တက္ခဏတစ်ခုအတွင်းမှာ နှစ်ခုပြိုင်ပြီး ဖြစ်သည့် ထုံးစံမရှိ။
ဝိညာဏဥ္စာယတနဈာန်စိတ်၏ အရှုခံအာရုံသည် အာကာသာနဥ္စာယတနစိတ်ဖြစ်၏။
အာကာသာနဥ္စာယတနဈာန်စိတ်သည် ဥပါဒ် ဌီ ဘင် အားဖြင့် ထင်ရှားဖြစ်နေသည့်အချိန်၌ ဝိညာဏဥ္စာယတန ဈာန်စိတ်သည် မဖြစ်ပါ။

ဝိညာဏဥ္စာယတနဈာန်စိတ်သည် ဥပါဒ် ဌီ ဘင်အားဖြင့် ဆက်တိုက်ထင်ရှား ဖြစ်ပေါ်နေသည့်အချိန်၌ အာကာသာနဥ္စာယတနဈာန်စိတ်သည်

ဥပါဒ် ဌီ ဘင်အားဖြင့် ထင်ရှားမရှိတော့ပါ၊ ထိုသို့ ထင်ရှားမရှိသည့် သဘာဝ(နတ္ထိဘောပညတ်)ကို အာရုံယူပြီး ဘာမှ မရှိ ဟု ဆင်ခြင်နှလုံးသွင်းရ၏။

**နေဝသညာနာသညာယတနစျာန်**

ရဟန်းတို့ တဖန်လည်း သာရိပုတ္တရာသည် အာကိဉ္စညာယတနစျာန်စိတ်ကို လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်ကို ရရောက်၍ နေ၏။ ထိုသို့ နေဝသညာနာသညာယတနစျာန်သမာပတ်မှ ပညာပါသော သတိနှင့်ပြည့်စုံသည် ဖြစ်၍ ထလျက် လွန်ကုန် ချုပ်ကုန် ဖောက်ပြန်ကုန်ပြီးသော ထိုစျာန်တရားတို့ကို ဤတရားတို့သည် ရှေးကမရှိဘဲ ဖြစ်ပေါ်လာကြ၏၊ ဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားကြ၏ ဟူ၍ ရှု၏။

မှတ်ချက်။ ။ အာကိဉ္စညာယတနစျာန်စိတ်ကို အရှုခံ အာရုံထား၍ ဤအာကိဉ္စညာယတနဝိညာဏ်သည် ငြိမ်သက်၏၊ ဤအာကိဉ္စညာယတန ဝိညာဏ်သည် ငြိမ်သက်၏ ဟု ဆင်ခြင်နှလုံးသွင်းရ၏။

ပဌမစျာန်ကစပြီး အာကိဉ္စညာယတနစျာန်တိုင်အောင် အသေးစိတ်ရှုပုံကို အသီးသီးဟောတော်မူ၏။ ဤနေဝသညာနာသညာယတနစျာန်၌ကား အသေးစိတ် ရှုနည်းကို မဟော၊ အစဉ်အတိုင်း ပိုင်းခြား၍ သိ၏ ဟူ၍ မဟော၊ ဤတရားများကို ဖြစ်တည်ပျက် = စ လယ် ဆုံး ကိုသိ၏ ဟူ၍မဟောဘဲ လွန်ကုန် ချုပ်ကုန် ဖောက်ပြန်ကုန်ပြီးသော ထိုစျာန်တရားတို့ကို ရှု၏သာ ဟောတော်မူ၏။

**အမေး အဖြေ**

ပဌမစျာန်မှ အာကိဉ္စညာယတနစျာန်တိုင်အောင် ရှေးစျာန်များ၌ တစ်ခုချင်း အသီးသီး သဘာဝလက္ခဏာကို ပိုင်းခြားပြီး အသေးစိတ်ရှုခြင်းကို ဟောထားတော် မူပါလျက် အဘယ့်ကြောင့် ဤနေဝသညာနာသညာယတနစျာန်၌ကား ချုပ်ကုန် ပြီးသော ထိုစျာန်တရားတို့ကို ပေါင်းပြီး ရှုခြင်းကို ဟောတော်မူရပါသလဲ?

နေဝသညာနာသညာယတနစျာန်တရားများ၌ တစ်ခုချင်း သဘာဝလက္ခဏာ ကို ပိုင်းခြားပြီး အသေးစိတ်ရှုခြင်းသည် ဘုရားရှင်တို့မှာသာ ရှုနိုင်၏၊ သာဝကများ သည် မရှုနိုင်၊ အရှင်သာရိပုတ္တရာသည် မရှုနိုင်၊ ထို့ကြောင့် ဤနေဝသညာနာသညာ ယတနစျာန်တရားများ၌ အပေါင်းလိုက် ရှုသည့်ဝိပဿနာရှုနည်းကို မြတ်စွာဘုရားသည် ဟောတော်မူ၏။

## သညာဝေဒယိတနိရောဓသမာပတ်

ရဟန်းတို့ တဖန်လည်း သာရိပုတ္တရာသည် နေဝသညာနာသညာယတန ဈာန်ကို လွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ငြိမ်းရာ နိရောဓသမာပတ်ကို ရောက်၍နေ၏၊ သာရိပုတ္တရာအား မဂ်ပညာဖြင့် မြင်၍ မြင်ခြင်းကြောင့် အာသဝေါ တရားတို့သည် ကုန်ခမ်းကုန်ပြီး ဖြစ်ကြ၏၊ သာရိပုတ္တရာသည် ထိုနိရောဓသမာပတ်မှ ပညာပါသော သတိရှိလျက်သာ ထ၍ ကုန်လွန်ချုပ်ပျောက် ပျက်စီးကုန်ပြီးသော ထိုတရားတို့ကို ဤတရားတို့သည် ရှေးကမရှိဘဲ ဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားကြ၏ ဟူ၍ ရှု၏။

သာရိပုတ္တရာသည် ထိုတရားတို့၌ ရာဂဖြင့် မကပ်ငြိသည်ဖြစ်၍ ဒေါသဖြင့် မဖဲခွါသည်ဖြစ်၍ တဏှာဒိဋ္ဌိတို့ဖြင့် မမှီသည်ဖြစ်၍ ဆန္ဒရာဂဖြင့် မဖွဲ့ အပ်သည်ဖြစ်၍ ကာမရာဂမှ လွတ်မြောက်သည်ဖြစ်၍ ကိလေသာနှင့် မယှဉ်သည်ဖြစ်၍ အပိုင်းအခြား ကင်းသော စိတ်ဖြင့်နေ၏။

သာရိပုတ္တရာသည် ဤနိရောဓသမာပတ်ထက် သာလွန်သော ထွက်မြောက် ကြောင်းတရားထူးသည် မရှိဟူ၍ သိ၏၊ ထိုသို့ ဆင်ခြင်ခြင်းကို အကြိမ်များစွာ ပြုခြင်း ကြောင့် အထက်၌ လွတ်မြောက်ကြောင်းတရားသည် မရှိဟူ၍သာ အရှင်သာရိပုတ္တရာသန္တာန်၌ ဖြစ်ပေါ်လာ၏။

## အထွတ်အထိပ်သို့ရောက်သော ပုဂ္ဂိုလ်

ရဟန်းတို့ မြတ်သော သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိတို့၌ အလေ့အကျင့်ရှိသူ၏ အဖြစ်သို့ ရောက်သောသူ အပြီးအဆုံးသို့ ရောက်သောသူဟူ၍ ပြောဆိုလိုသော် သာရိပုတ္တရာကိုသာ ကောင်းစွာ ပြောဆိုရာ၏။

ရဟန်းတို့ မြတ်စွာဘုရား၏သားတော်၊ မြတ်စွာဘုရား၏ ရင်၌ဖြစ်သူ၊ မြတ်စွာဘုရား၏ ခံတွင်းမှဖြစ်သူ၊ တရားကြောင့်ဖြစ်သူ၊ တရားသည် ဖန်ဆင်းအပ်သောသူ၊ အာမိသအမွေကို မယူဘဲ တရားအမွေကိုသာ ခံယူသူဟူ၍ ပြောဆိုလိုသော် သာရိပုတ္တရာကိုသာ ကောင်းစွာ ပြောဆိုရာ၏။

ရဟန်းတို့ သာရိပုတ္တရာသည် ဘုရားရှင်သည် လည်စေအပ်သော အမြတ်ဆုံး တရားစကြာကို ကောင်းစွာ အတုလိုက်၍ လည်စေနိုင်၏၊ ဟောနိုင်၏ ဟူ၍ မြတ်ဗုဒ္ဓက ဟောကြားတော်မူသောအခါ ရဟန်းတို့သည် ထိုဟောကြားတော်မူကို လွန်စွာ သဘောကျနှစ်ခြိုက်ကြ၏။

## အရှင်သာရိပုတ္တရာ၏ အရဟတ္တမဂ်၊ ဖိုလ်ကျင့်စဉ်

ဒီဃနခသုတ်၊ (ပ၊ ၂၊ ၁၆၅၊ ၌၊ ၁၄၀) ပရိဗ္ဗာဇကဝဂ်

### အယူအဆအားလုံးကို မနှစ်သက်သူ

ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုတ်တောင် သူကရခတလိုဏ်ဂူ၌ မြတ်ဗုဒ္ဓသီတင်းသုံးနေစဉ် ဒီဃနခပရိဗိုဇ်ရောက်လာသောအချိန်မှာ အရှင်သာရိပုတ္တရာသည် မြတ်ဗုဒ္ဓ၏ နောက်မှရပ်ပြီး ယပ်ခတ်ပေးနေ၏၊ ဒီဃနခပရိဗိုဇ်သည် သူ့ဦးကြီး အရှင်သာရိပုတ္တရာကို ရိုသေလေးစားသဖြင့် သူ့ဦးကြီး မတ်တတ်ရပ်နေသလိုပင် သူလည်း မတ်တတ်ရပ်၍ မြတ်ဗုဒ္ဓကို

အရှင်ဂေါတမ ကျုပ်က 'အယူဝါဒ အားလုံးကို မနှစ်သက် သဘောမကျပါ' ဟူ၍ ပြောဆို၏။ သူသည် အယူဝါဒအားလုံးကို မကြိုက်ကြောင်း ပြောဆိုပေမယ့် သူ့အယူ အဆကို လျှို့ဝှက်ပြီး ပြောနေခြင်းသာဖြစ်၏၊ ယခုဘဝက သေသွားလျှင် ဘဝဖြစ်သေး၏ ဟူသော အယူအဆကို သူက လက်မခံနိုင်ဘူး၊ သေသွားလျှင် မဖြစ်တော့ဘူးဆိုသည့် ဥစ္ဆေဒဒိဋ္ဌိ အယူအဆကိုကား သဘောကျ၏။

မြတ်ဗုဒ္ဓက သူ့စကားကို ထောက်ပြီး ဒီဃနခသည် အဂ္ဂိဝေဿန အမျိုးအနွယ် ဖြစ်သည့်အတွက် အဂ္ဂိဝေဿန အမျိုးအနွယ်အနေဖြင့် 'အဂ္ဂိဝေဿန! သင်ဟာ အယူ ဝါဒအားလုံးကို မကြိုက်ဘူးဆိုလျှင် အယူဝါဒအားလုံး မကြိုက်ဘူးဟူသော အယူဝါဒကို သင် မနှစ်သက်ဘူးလား? ဟု မေးတော့ အဖြေရခက်နေ၏။။

'အရှင်ဂေါတမ! ထိုအယူဝါဒကို ကျုပ်မနှစ်သက်လျှင် အယူဝါဒအားလုံးကို သဘောကျ၏ ဟု ဆိုလိုရာရောက်ပါလိမ့်မယ်'ဟူ၍ ဖြေ၏။

မြတ်ဗုဒ္ဓသည် 'အဂ္ဂိဝေဿန! လောက၌ အယူအဆအားလုံးကို မနှစ်သက်ဟု ပြောဆို၍ ထိုအယူအဆကို မစွန့်ဘဲ အခြားအယူအဆကို စွဲလမ်းနေသူတို့သည် အလွန်များကြ၏၊ ယင်းသို့ ပြောဆို၍ ထိုအယူအဆကို စွန့်ပြီး အခြားအယူအဆကို မစွဲလမ်း သူတို့ ကား အလွန်နည်းကြ၏'

ဒီဃနခသည် သူ့အယူအဆကို မစွန့်နိုင်ဘဲ ဝေလည်ချောင်ပတ်ပြောနေသည့် အတွက် မြတ်ဗုဒ္ဓက ထိုသို့ မိန့်တော်မူခြင်းဖြစ်၏။

ထို့နောက် မြတ်ဗုဒ္ဓက သူ့အယူအဆကို ထုတ်ဖော်ပြောဆိုလာအောင် ဆက်လက်၍ 'အဂ္ဂိဝေဿန! အချို့သော သမဏဗြာဟ္မဏတို့သည် 'အယူဝါဒ အားလုံးကို ငါ နှစ်သက်၏'ဟု ပြောဆိုကြ၏၊ အချို့သော ပုဂ္ဂိုလ်တို့က 'အယူအဆ အားလုံးကို ငါ မနှစ်သက်'ဟု ပြောဆိုကြ၏၊ အချို့ပုဂ္ဂိုလ်တို့ကမူ 'အချို့အယူအဆကို ငါ နှစ်သက်၏၊ အချို့အယူအဆကို ငါ မနှစ်သက်'ဟု ပြောဆိုကြ၏။

'အဂ္ဂိဝေဿန! ထိုပုဂ္ဂိုလ်(၃)မျိုးတို့တွင် 'အယူဝါဒအားလုံးကို ငါ နှစ်သက်၏' ဟူသော သဿတအယူအဆသည် စွဲငြိခြင်း၊ နှောင်ဖွဲ့ခြင်း၊ လွန်စွာနှစ်သက်ခြင်း၊ လွှမ်းမိုးဖိစီးခြင်း၊ စွဲလမ်းခြင်းတို့နှင့်နီးစပ်၏။ 'အယူဝါဒအားလုံးကို ငါ မနှစ်သက်' ဟူသော ဥစ္ဆေဒအယူအဆသည် မစွဲငြိခြင်း၊ နှောင်မဖွဲ့ခြင်း၊ လွန်စွာ မနှစ်သက်ခြင်း၊ မလွှမ်းမိုး မဖိစီးခြင်း၊ မစွဲလမ်းခြင်းတို့နှင့် နီးစပ်၏ ဟူ၍ မိန့်တော်မူ၏။

မှတ်ချက်။ ။ သဿတအယူအဆရှိသောပုဂ္ဂိုလ်တို့သည် အပြစ်မကြီး၊ အပြစ်နည်း၏၊ သို့သော်လည်း ထိုအယူအဆကို စွန့်လွှတ်ဖို့ခဲယဉ်း၏၊ အယူအဆ အစွဲအလမ်းသန်၏။

ဥစ္ဆေဒအယူအဆရှိသောပုဂ္ဂိုလ်တို့သည်ကား အပြစ်ကြီး၏၊ သို့သော်လည်း ထိုအယူအဆကို စွန့်လွှတ်ဖို့ လွယ်ကူ၏။

မြတ်ဗုဒ္ဓက ထိုသို့မိန့်တော်မူသောအခါ ဒီဃနခပရိဗိုဇ်သည် အရှင်ဂေါတမသည် ကျုပ်၏အယူအဆကို ချီးမွမ်းတော်မူ၏၊ အရှင်ဂေါတမသည် ကျုပ်၏ အယူအဆကို အလွန်ချီးမွမ်းတော်မူ၏ ဟူ၍ ဝမ်းမြောက်စွာ ပြောဆို၏။

ဒီဃနခပရိဗိုဇ်သည် သူ့အယူအဆကို ချီးမွမ်းတယ်ထင်ပြီး ပြောဆိုခြင်း ဖြစ်၏၊ အမှန်မှာ မြတ်ဗုဒ္ဓက သူ့အယူအဆကို ပေါ်လာအောင် မိန့်တော်မူခြင်းသာဖြစ်၏။

**အယူအဆများကို စွန့်ခြင်း**

မြတ်ဗုဒ္ဓသည် ဆက်လက်၍

"အချို့အယူဝါဒကို ငါ နှစ်သက်၏၊ အချို့အယူဝါဒကို ငါမနှစ်သက်'ဟူသော ဧကစ္စသဿတဝါဒ အယူအဆမှာလည်း အချို့အယူဝါဒကို နှစ်သက်သော အယူအဆသည် စွဲငြိခြင်း၊ နှောင်ဖွဲ့ခြင်း စသည်တို့နှင့် နီးစပ်၏၊ အချို့အယူဝါဒကို မနှစ်သက်သော အယူအဆသည် မစွဲငြိခြင်း၊ နှောင်မဖွဲ့ခြင်း စသည်တို့နှင့် နီးစပ်၏။

'အဂ္ဂိဝေဿန! အယူအဆသုံးမျိုးရှိသော ပုဂ္ဂိုလ်တို့တွင် ဉာဏ်အမြော်အမြင် ရှိသောပုဂ္ဂိုလ်သည် မိမိအယူအဆသာ မှန်၏၊ အခြားပုဂ္ဂိုလ်၏ အယူအဆသည် မမှန် ဟူ၍ ပြောဆိုခဲ့လျှင် အခြားအယူအဆရှိသော ပုဂ္ဂိုလ်တို့နှင့် ငြင်းခုန်ခြင်းသည် ဖြစ်ရာ၏၊ ငြင်းခုန်ရလျှင် အတိုက်အခံ ဆန့်ကျင်ဘက်ပြောဆိုခြင်းသည် ဖြစ်ရာ၏၊ ဆန့်ကျင်ဘက်ပြောဆိုရလျှင် ကိုယ်စိတ်ဆင်းရဲပင်ပန်းခြင်းသည် ဖြစ်ရာ၏၊ ယင်းသို့ ဖြစ်လာမည်ကို မြင်၍ မိမိအယူအဆကို စွန့်လွှတ်၏၊ အခြားအယူအဆကိုလည်း မစွဲလမ်း၊ ဤသို့လျှင် အယူအဆများတို့ကို ပယ်ရှားစွန့်လွှတ်ခြင်းသည် ဖြစ်၏။"

မြတ်ဗုဒ္ဓသည် ဒီဃနခပရိဗိုဇ်ကို သူ၏အယူအဆကို စွန့်ရမည်ဟု တိုက်ရိုက် မဟောဘဲ စွန့်သင့်သည်ဆိုသည့် အဓိပ္ပါယ်သဘောသက်ရောက်အောင် ဉာဏ်ပညာရှိသည့်ပုဂ္ဂိုလ်သည် မိမိအယူအဆအများကို အကြောင်းအကျိုး ဆင်ခြင်စဉ်းစားပြီး စွန့်လွှတ်၏ဟူ၍ ဟောတော်မူရာ ဒီဃနခပရိဗိုဇ်က သဘောပေါက်သဖြင့် သူ၏ အယူအဆကို လုံးဝစွန့်လွှတ်လိုက်၏။

ဒီဃနခပရိဗိုဇ်သည် သူ၏အယူအဆကို စွန့်လွှတ်လိုက်သောအခါ မြတ်ဗုဒ္ဓသည် ဝိပဿနာတရားကို ဟောတော်မူ၏။

"အဂ္ဂိဝေဿန! အအေး အပူ စသောအကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်း သဘောရှိသော, ဓာတ်ကြီးလေးပါးတို့၏ အစုအဝေးဖြစ်သော, မိဘတို့ ၏သုက်သွေး ကြောင့်ဖြစ်သော, အစာအာဟာရတို့ဖြင့် ကြီးထွားလာသော, မမြဲခြင်း လိမ်းကျံပေးရခြင်း၊ ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်းသဘောရှိသော, ဤရုပ်ကိုယ်ကြီးကို မမြဲသောအားဖြင့်၊ ဆင်းရဲသောအားဖြင့်၊ ရောဂါနှင့်တူသော အားဖြင့်၊ အနာစိမ်းနှင့်တူသောအားဖြင့်၊ စူးနေသည့်ငြောင့်နှင့်တူသောအားဖြင့် မကောင်းမှုနှင့် တူသောအားဖြင့်၊ ဖျားနာနှင့်တူသောအားဖြင့်၊ သူစိမ်းနှင့် တူသော အားဖြင့်၊ ပျက်စီးတတ်သောအားဖြင့်၊ အနှစ်သာရကင်းဆိတ်သောအားဖြင့်၊ အတ္တကောင် မဟုတ်သောအားဖြင့် (အခြင်းအရာဆယ့်တစ်ပါးဖြင့်) ရှုအပ်၏။

ဤသို့ ရှုအပ်သောပုဂ္ဂိုလ်အား ခန္ဓာကိုယ်၌ နှစ်သက်မှု၊ တွယ်တာမှု၊ ခန္ဓာ ကိုယ်သို့ အစဉ်လိုက်တတ်သော တဏှာကိလေသာသည် ကင်းပျောက်၏။"ဟု ရုပ်ကမ္မဋ္ဌာန်းကို ဟောပြီး၍ နာမ်ကမ္မဋ္ဌာန်းကို ဆက်လက်ဟောတော်မူ၏။

**ဝေဒနာ (၃)ပါး**

'အဂ္ဂိဝေဿန! ဝေဒနာတို့သည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဟူ၍ သုံးပါးတို့ရှိကြ၏၊ ထိုသုံးပါးတို့တွင် သုခဝေဒနာကို ခံစားနေရသောအခါ ဒုက္ခဝေဒနာကိုငှင်း၊ ဥပေက္ခာဝေဒနာကိုငှင်း၊ မခံစား၊ (ဝေဒနာတစ်မျိုးကို ခံစားနေလျှင် အခြားဝေဒနာများကို မခံစား)။'

ဝေဒနာသုံးပါးတို့တွင် ဝေဒနာတစ်ပါးပါးသည် အခိုက်အတန့်အားဖြင့် ဖြစ်နေ၏။

'အဂ္ဂိဝေဿန! ဝေဒနာသုံးပါးတို့သည် မမြဲသောတရား အကြောင်းတရားတို့သည် ပြုပြင်အပ်သောတရား၊ အကြောင်းကို စွဲမှီ၍ဖြစ်သော တရား၊ ကုန်ခြင်းသဘောရှိသောတရား၊ ပျက်စီးခြင်းသဘောရှိသောတရား၊ ကင်းပြယ်ခြင်းရှိသောတရား၊ ချုပ်ပျောက်ခြင်းသဘောရှိသောတရားဟု

ရှုမြင်သော အကြားအမြင်ရှိသော အရိယာတပည့်သည် ဝေဒနာသုံးပါးတို့၌ ငြီးငွေ့၏၊ ငြီးငွေ့လျှင် တပ်မက်မှု ကင်း၏’

**ချမ်းသာတစ်ခု မက်မောမှုကြောင့်**

**ပုပုရွရွ မြင်သမျှတို့**

**ဒုက္ခပင်လယ် ကျယ်လည်းကျယ်သည်**

**ရွယ်တိုင်း မမြောက်နိုင်ပါတကား။ ။**

‘တပ်မက်မှုကင်းခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်၏၊ လွတ်မြောက်လျှင် လွတ်မြောက်ပြီဟု သိသောပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။ ဘဝအသစ်ဖြစ်မှုသည် ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးအပ်ပြီးပြီ၊ ပြုဖွယ်ကိစ္စမှန်သမျှကို ပြုအပ်ပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ အခြားပြုဖွယ်ကိစ္စသည် မရှိပြီဟူ၍ သိ၏။’

‘အဂ္ဂိဝေဿန! ဤသို့ လွတ်မြောက်ပြီးသော စိတ်ရှိသောပုဂ္ဂိုလ်သည် တစုံတစ်ယောက်သောသူနှင့်မျှ မနီးနှော မပြောဆို၊ မငြင်းခုံ၊ လွဲမှားစွာ မသုံးသပ်ဘဲ လောကပြောရိုးစကားဖြင့်သာ ပြောဆို၏။’

## ရဟန္တာတို့ ပြောဆိုမှု

‘အရှင်ဘုရား အကြင်ရဟန်းသည် ပူဇော်အထူးကို ခံထိုက်၏၊ ပြုအပ်ပြီးသော ကိစ္စရှိ၏၊ အာသဝေါကုန်ပြီး၍ အဆုံးစွန်သော ခန္ဓာကိုယ်ကို ဆောင်၏၊ ထိုရဟန်းသည် ‘ငါ’ဟူ၍၄င်း၊ ‘ငါ့ကို’ဟူ၍၄င်း ပြောဆိုပါသေးသလား’? ဟု နတ်သားတစ်ယောက်က မေးလျှောက်ရာ ဗုဒ္ဓက

‘နတ်သား ထိုရဟန်းသည် ‘ငါ’ ‘ငါ့ကို’ ဟုပြောဆို၏၊ လောကဝေါဟာရ၌ လိမ္မာသောရဟန်းသည် လောက၌ သတ်မှတ်အပ်သော အမည်သညာကို သိ၍ လောကဝေါဟာရနှင့် အညီသာ ပြောဆို၏’

‘အရှင်ဘုရား ထိုရဟန်းသည် ထောင်လွှားခြင်း မာနသို့ ကပ်ရောက်၍ ‘ငါ’ ‘ငါ့ကို’ ဟု ပြောပါသလား’?

‘နတ်သား မာနကို ပယ်ပြီးဖြစ်၍ ကိလေသာအထုံးအဖွဲ့ မရှိသောရဟန်းသည် ‘ငါ’ ‘ငါ့ကို’ ဟုပြော၏။’

(အရဟန္တသုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ ၁၄)

## အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ခြင်း

မြတ်ဗုဒ္ဓသည် ဒီဃနခပရိဗိုဇ်အား တရားဟောနေချိန်တွင် အရှင်သာရိပုတ္တရာသည် နောက်တော်ပါးမှ ရပ်ပြီး မြတ်ဗုဒ္ဓအား ယပ်ခတ်ပေးလျှက် ရှိ၏၊ အထက်ပါ ဟောကြားမှုကို ကြားနာရသောအခါ အရှင်သာရိပုတ္တရာအား 'ငါတို့ဆရာ မြတ်စွာဘုရားသည် ထိုထိုတရားတို့ကို ထူးခြားသောဉာဏ်ဖြင့် သိမြင်၍ ပယ်ရှားစွန့်လွှတ်ရေးကို ဟောကြားတော်မူ၏' ဟူ၍ စိတ်အကြံ ဖြစ်ပေါ်လာ၏၊ ဤသို့ စဉ်းစားကြံစည်နေစဉ်မှာပင် အရှင်သာရိပုတ္တရာ၏ စိတ်သည် တစုံတခုသော အာရုံကိုမျှ မစွဲလမ်းဘဲ အာသဝေါတရားတို့ မှ လွတ်မြောက်သွား၏။

## ဒီဃနခပရိဗိုဇ် သောတာပန်ဖြစ်ခြင်း

ဒီဃနခပရိဗိုဇ်သည်လည်း သောတာပတ္တိမဂ်ဉာဏ်ဟူသော တရားမျက်စိ သည် ဖြစ်ပေါ်လာ၏၊ တရားကို သိမြင်၍ မြတ်စွာဘုရား၏ အဆုံးအမမှာ အကြွင်းမဲ့ ယုံကြည်ပြီးသော ဒီဃနခပရိဗိုဇ်သည် ဥပါသကာအဖြစ် ခံယူသွား၏။

# အရှင်သာရိပုတ္တရာ၏ အရဟတ္တမဂ်၊ ဖိုလ်ကျင့်စဉ်

ကင္ဍာရသုတ် (သံ၊ ၁၊ ၂၈၃၊ ဋ္ဌ၊ ၅၇)နိဒါနဝဂ္ဂသံယုတ်

## အရှင်သာရိပုတ္တရာ၏ အရဟတ္တဖိုလ်ကိုပြောကြားခြင်း

သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်း၌ မြတ်ဗုဒ္ဓသီတင်းသုံးနေတော်မူစဉ် ကဠာရခတ္တိယရဟန်းသည် အရှင်သာရိပုတ္တရာထံသို့ သွား၍ မောဠိယဖဂ္ဂုန ရဟန်းသည် လူထွက်သွားကြောင်းကို လျှောက်ထားရာ 'အရှင်မောဠိယဖဂ္ဂုနသည် ဤဓမ္မဝိနယသာသနာတော်၌ အနာဂါမ်ဟူသော ထောက်တည်ရာကို မရလေယောင်တကား' ဟု အရှင်သာရိပုတ္တရာက မိန့်ကြားတော်မူ၏။

'အရှင်သာရိပုတ္တရာသည် ဤဓမ္မဝိနယသာသနာတော်၌ ထောက်တည်ရာကို ရပါပြီလား' ဟု မေးရာ 'ငါ့ရှင် ငါသည် ယုံမှား သံသယမရှိပါ' ဟုဖြေ၏၊ ထပ်ပြီး 'ငါ့ရှင် သာရိပုတ္တရာ! နောင်အခါမှာ ယုံမှားသံသယရှိသေးသလား' ဟု မေးပြန်ရာ 'မရှိပါ' ဟု ဖြေတော်မူ၏။

ထိုအခါ ကဠာရခတ္တိယရဟန်းသည် မြတ်ဗုဒ္ဓထံသို့ သွား၍ 'မြတ်စွာဘုရား အရှင်သာရိပုတ္တရာသည် ပဋိသန္ဓေနေခြင်းကိစ္စ ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စမှန်သမျှကို ပြုပြီးပြီ၊ တဖန်ပြုဖွယ်ကိစ္စ မရှိတော့ပြီ-ဟု သိ၏ ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားပါသည်အရှင်ဘုရား' ဟု အရှင်သာရိပုတ္တရာအပေါ်၌ နစ်သက်ကြည်ညိုသည်ဖြစ်၍ အရှင်သာရိပုတ္တရာ မမိန့်ကြားခဲ့သော စကားများကို ဖြည့်စွက်ထည့်ပြီး မြတ်ဗုဒ္ဓအား လျှောက်ထား၏။

မြတ်ဗုဒ္ဓသည် အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ ကဠာရခတ္တိယရဟန်းက လျှောက်ထားသည့်အတိုင်း မှန် မမှန်ကို မေးတော်မူရာ 'မြတ်စွာဘုရား တပည့်တော်သည် ထိုစကားအဓိပ္ပါယ်မျိုးကို တိုက်ရိုက်မပြောခဲ့ဘူးပါအရှင်ဘုရား' 'သာရိပုတ္တရာ အမျိုးကောင်းသားသည် မည်သည့်ပရိယာယ်ဖြင့်မဆို အရဟတ္တဖိုလ်ကို ပြောကြားခဲ့လျှင် ထိုသို့ ပြောကြားသည်ဟူ၍ပင် မှတ်အပ်၏' 'မြတ်စွာဘုရား ထို့ကြောင့်ပင် တပည့်တော်သည် ထိုစကားအဓိပ္ပါယ်မျိုးကို တိုက်ရိုက်မပြောခဲ့ဘူးပါ - ဟု လျှောက်ထားရခြင်းဖြစ်ပါသည် အရှင်ဘုရား'။

**အရှင်သာရိပုတ္တရာ၏ အဖြေ (၄)မျိုး**

(၁) 'သာရိပုတ္တရာ သင်သည် မည်သို့ သိမြင်သောကြောင့် အရဟတ္တဖိုလ်ကို ပြောကြားပါသလဲ- ဟု မေးခဲ့လျှင် မည်သို့ ဖြေဆိုမှာလဲ'?

'မြတ်စွာဘုရား အကြင်အကြောင်းကြောင့် ဇာတိဖြစ်၏၊ ထိုအကြောင်း၏ ကုန်ခြင်းကြောင့် ဇာတိကုန်၏ ဟု သိမြင်ကြောင်းကို တပည့်တော်ဖြေပါမည် အရှင်ဘုရား'

(၂) 'သာရိပုတ္တရာ ဇာတိသည် အဘယ်လျှင် အကြောင်းရင်း ရှိသလဲ - ဟု မေးခဲ့လျှင် မည်သို့ ဖြေဆိုမှာလဲ'?

'မြတ်စွာဘုရား ဇာတိသည် ကမ္မဘဝလျှင် အကြောင်းရင်းရှိ၏ - ဟု ဖြေပါမည် အရှင်ဘုရား'

ကမ္မဘဝ၊ ဥပါဒါန်၊ တဏှာတိုင်အောင် အမေး အဖြေ ပြုလုပ်တော်မူ၏။

(၃) 'သာရိပုတ္တရာ သင်သည် မည်သို့ သိမြင်သောကြောင့် ဝေဒနာတို့၌ နှစ်သက်ခြင်းသည် မထင်ပါသလဲ - ဟုမေးခဲ့လျှင် မည်သို့ ဖြေမှာလဲ'?

'မြတ်စွာဘုရား သုံးပါးသော ဝေဒနာတို့သည် မမြဲကြကုန်၊ မမြဲသောတရား ဟူသမျှသည်လည်း ဆင်းရဲ၏- ဟူ၍ သိမြင်လျှင် ဝေဒနာတို့၌ နှစ်သက်ခြင်းသည် မထင်ဟု တပည့်တော် ဖြေကြားပါမည် အရှင်ဘုရား'

'သာရိပုတ္တရာ သာဓု သာဓု! ဝေဒနာဟူသမျှသည် ဒုက္ခသာဖြစ်၏ - ဟူသော ဤစကားသည် ထိုအနက်အဓိပ္ပါယ်သဘောကို အကျဉ်းအားဖြင့် ဖြေကြားခြင်းငှါ သင့်လျော်သော ပရိယာယ်တစ်မျိုးဖြစ်၏'

(၄) 'သာရိပုတ္တရာ မည်သို့သော လွတ်မြောက်ခြင်းဖြင့် အရဟတ္တဖိုလ်ကို ပြောကြားပါသလဲ - ဟူ၍ မေးခဲ့လျှင် မည်သို့ ဖြေဆိုမှာလဲ'?

'မြတ်စွာဘုရား တပည့်တော်သည် အဇ္ဈတ္တတရား၌ လွတ်ခြင်းကြောင့် (အဇ္ဈတ္တ သင်္ခါရတို့ကို ဉာဏ်ဖြင့်သိမြင်၍ ကိလေသာတို့မှ လွတ်ခြင်းကြောင့်) အလုံးစုံသော ဥပါဒါန်တရားတို့၏ ချုပ်ခြင်း (ကုန်ခန်းခြင်း)ကြောင့် သတိနှင့်နေသောပုဂ္ဂိုလ်ကို ကိလေသာ အာသဝေါတရားတို့သည် အစဉ်လိုက်၍ မနှိပ်စက်ကုန်၊ မိမိကိုယ်ကိုလည်း မထီမဲ့မြင်အားဖြင့် မတည် - ဟူ၍ ဖြေကြားပါမည် အရှင်ဘုရား'

'သာရိပုတ္တရာ သာဓု သာဓု! မြတ်စွာဘုရားသည် ဟောကြားအပ်သော အာသဝေါတရားတို့၌ ငါသည် ယုံမှားသံသယမရှိ၊ ထိုအာသဝေါတရားတို့ကိုလည်း ငါသည် ပယ်အပ်ပြီလော-ဟူ၍ ယုံမှားသံသယမဖြစ် - ဟူသော ဤစကားသည် ထိုအနက်အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် ဖြေခြင်းငှါ သင့်လျော်သော ပရိယာယ် တစ်မျိုးပင် ဖြစ်၏' ဟူ၍ မိန့်တော်မူ၏။

## လွှတ်မြောက်မှုပုဂ္ဂိုလ် (၄)မျိုး

လွှတ်မြောက်မှုပုဂ္ဂိုလ်သည်

(၁) အဖျတ္တသင်္ခါရတရားတို့၌ နလုံးသွင်းပြီး ဗဟိဒ္ဓသင်္ခါရတရားတို့၌လည်း နလုံးသွင်း၏၊ တဖန် အဖျတ္တသင်္ခါရတရားတို့၌ နလုံးသွင်းရာ၌ မဂ်ဖိုလ်ရသောပုဂ္ဂိုလ်၊

(၂) အဖျတ္တသင်္ခါရတရားတို့၌ နလုံးသွင်းပြီး ဗဟိဒ္ဓသင်္ခါရတရားတို့၌ လည်း နလုံးသွင်း၏၊ ထိုဗဟိဒ္ဓသင်္ခါရတရားတို့ နလုံးသွင်းရာ၌ မဂ်ဖိုလ်ရသောပုဂ္ဂိုလ်၊

(၃) ဗဟိဒ္ဓသင်္ခါရတရားတို့၌ နလုံးသွင်းပြီး အဖျတ္တသင်္ခါရတရားတို့၌လည်း နလုံးသွင်း၏၊ တဖန်ဗဟိဒ္ဓသင်္ခါရတရားတို့၌ နလုံးသွင်းရာ၌ မဂ်ဖိုလ်ရသောပုဂ္ဂိုလ်၊

(၄) ဗဟိဒ္ဓသင်္ခါရတရားတို့၌ နလုံးသွင်းပြီး အဖျတ္တသင်္ခါရတရားတို့၌လည်း နလုံးသွင်း၏၊ ယင်းအဖျတ္တသင်္ခါရတရားတို့၌ နလုံးသွင်းရာ၌ မဂ်ဖိုလ်ရသောပုဂ္ဂိုလ် ဟူ၍ (၄)မျိုးရှိ၏။

မှတ်ချက်။ ။ တရားနလုံးသွင်းသောအခါ အဖျတ္တသင်္ခါရတရားတို့ကို နလုံးသွင်းပြီး ဗဟိဒ္ဓသင်္ခါရတရားတို့ကိုလည်း နလုံးသွင်းရမည်။

ဗဟိဒ္ဓသင်္ခါရတရားတို့ကို နလုံးသွင်းပြီး အဖျတ္တသင်္ခါရတရား တို့ကိုလည်း နလုံးသွင်းရမည်။

လွှတ်မြောက်မှုသည် အဖျတ္တလွှတ်မြောက်မှု၊ ဗဟိဒ္ဓလွှတ်မြောက်မှု - ဟူ၍ (၂)မျိုးရှိရာ အရှင်သာရိပုတ္တရာ၏ လွှတ်မြောက်မှုမှာ အဖျတ္တလွှတ်မြောက်မှု ဖြစ်သည်။

မြတ်ဗုဒ္ဓသည် အထက်ပါအတိုင်း မိန့်တော်မူပြီး တရားပွဲမပြီးဆုံးမီ နေရာမှထ၍ ကျောင်းတော်အတွင်းသို့ ဝင်တော်မူ၏။

## တရားပွဲ မပြီးဆုံးမီ မြတ်ဗုဒ္ဓကျောင်းတော်အတွင်းသို့ ဝင်တော်မူရခြင်းအကျိုး (၂)ပါး

တရားပွဲ မပြီးဆုံးမီ မြတ်ဗုဒ္ဓသည် ကျောင်းတော်အတွင်းသို့ ဝင်တော်မူရခြင်း အကျိုးသည်

၁။ တရားတော်ကို ချီးမြှောက်ခြင်းအကျိုး

၂။ ပုဂ္ဂိုလ်ကို ချီးမြှောက်ခြင်းအကျိုး ဟူ၍ နှစ်မျိုးရှိ၏။

### တရားတော်ကို ချီးမြှောက်ခြင်းအကျိုးဟူသည်

မြတ်ဗုဒ္ဓသည် အကျဉ်းဟောကြားထားတော်မူသောတရားတော်ကို အကျယ် သိလိုသောရဟန်းတို့သည် အကျယ်ဝေဖန်ဟောကြားနိုင်စွမ်းရှိသော အရှင်အာနန္ဒာ၊

အရှင်မဟာကစ္စည်းတို့ထံမှာ မေးကြပြီး မြတ်ဗုဒ္ဓကို တဖန်လျှောက်ထားကြရာ မြတ်ဗုဒ္ဓက ငါဘုရားသည်လည်း ဒီအတိုင်းပင် ဟောကြားရမည် ဟု မိန့်တော်မူသဖြင့် ရဟန်းတော်များသည် ထိုတရားတော်အကျယ်ကို ရှိသေလေးစွာ လိုက်နာကျင့်သုံးကြသဖြင့် အကျိုးများကြလိမ့်မည်ဟူ၍ ရည်ရွယ်တော်မူ၏။

## ပုဂ္ဂိုလ်ကို ချီးမြှောက်ခြင်းဟူသည်

မြတ်ဗုဒ္ဓသည် အရှင်သာရိပုတ္တရာ၏ ပညာဂုဏ်ကို ယုံကြည်တော်မူသဖြင့် အရှင်မြတ်၏ ပညာဂုဏ်ကို ထင်ရှားအောင် ပြတော်မူလိုသည့်အတွက် ဖြစ်၏။

မြတ်ဗုဒ္ဓသည် ကျောင်းတော်အတွင်းသို့ ဝင်တော်မူသွားသောအခါ အရှင်သာရိပုတ္တရာသည် ရဟန်းတို့အား 'ငါ့ရှင်တို့ ငါ့အား မြတ်စွာဘုရားက ကြိုတင်၍ မသိအပ်သောပြဿနာကို မေးသောအခါ ဖြေဆိုမှုမှာ နှောင့်နှေးခြင်းသည် ဖြစ်ခဲ့၏၊ ပထမပြဿနာကို ဗုဒ္ဓက ကျေနပ်စွာ လက်ခံတော်မူသောအခါ၌ကား တစ်နေ့ တစ်ရက်မျှမက ခုနစ်နေ့ ခုနစ်ရက်တိုင်အောင် ဖြေကြားလိုသောဆန္ဒသည် ငါ့အား ဖြစ်ပေါ်လာခဲ့၏' ဟု မိန့်တော်မူရာ

ကဋ္ဌာရခတ္တိယရဟန်းသည် ဗုဒ္ဓထံသို့ သွား၍ အရှင်သာရိပုတ္တရာသည် ခြင်္သေ့မင်းဟောက်သကဲ့သို့ ရဲရင့်သောစကားကို ပြောဆိုကြောင်း လျှောက်ထား၏၊ ထိုအခါ ဗုဒ္ဓသည်

'သာရိပုတ္တရာသည် ပြဿနာ တစ်ခုကို ခုနစ်ရက် ခုနစ်နေ့တိုင်အောင် ပုဒ်အမျိုးမျိုး၊ စကားပရိယာယ်အမျိုးမျိုးဖြင့် ဖြေဆိုနိုင်ကြောင်းဖြစ်သော ဓမ္မဓာတ်ကို ထိုးထွင်း၍ သိပြီးသူ ဖြစ်၏' ဟူ၍ မိန့်တော်မူ၏။

## သာဝကအစည်းအဝေးကြီး၏ အင်္ဂါ (၄)ပါး

၁။ တပို့တွဲလပြည့်နေ့ဖြစ်ခြင်း

၂။ မည်သူတစ်ဦးတစ်ယောက်မျှ ပင့်ဖိတ်အပ်သည်မဟုတ်ဘဲ မိမိတို့ အလိုလို ရဟန်းအပေါင်း (၁၂၅၀)တို့ ကြွရောက်စည်းဝေးမိခြင်း၊
(ဉရုဝေလကဿပညီနောင် ရဟန်းတစ်ထောင်နှင့် အဂ္ဂသာဝကကြီးနှစ်ပါးတို့နှင့် အတူပါလာသည့် တပည့်နှစ်ရာငါးဆယ်တို့ဖြစ်ကြ၏)

၃။ ထိုရဟန်းအားလုံးသည်ပင် ဧဟိဘိက္ခုတို့ချည်းဖြစ်ခြင်း၊

၄။ ထိုရဟန်းအားလုံးသည်ပင် ဆဠာဘိညာ ရဟန္တာချည်းဖြစ်ခြင်း၊

မြတ်ဗုဒ္ဓသည် ဝေဒနာပရိဂ္ဂသုတ်ခေါ်သည့် ဒီဃနခသုတ်ကို နေမဝင်မီပင် ပြီးဆုံးအောင် ဟောတော်မူ၍ ဂိဇ္ဈကုဋ်တောင်မှ ဆင်းတော်မူခဲ့ပြီး ဝေဠုဝန်ကျောင်းတော်ကို ကြွရောက်ပြီးလျှင် အင်္ဂါ (၄)ပါးနှင့်ပြည့်စုံသော သာဝကအစည်းအဝေးကြီးကို ပြုလုပ်တော်မူ၍ အရှင်သာရိပုတ္တရာမထေရ်မြတ်နှင့် အရှင်မောဂ္ဂလာန်မထေရ်မြတ်နှစ်ပါးတို့အား အဂ္ဂသာဝကရာထူးကို ပေးသနားတော်မူ၍ ထိုနေ့၌ပင် ဩဝါဒပါတိမောက်ကို ပဌမဆုံးအကြိမ်ပြတော်မူ၏၊ ဤသို့သော သာဝကအစည်းအဝေးသည် တကြိမ်သာဖြစ်၏။

## တရားပွဲကြီး သုံးကြိမ်

၁။ ဘုရားဖြစ်ပြီးနောက် မိဂဒါဝုန်တောသို့ ကြွရောက်၍ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားတော်မူသောအခါ အရှင်ကောဏ္ဍညမထေရ်သည် ဗြဟ္မာအပေါင်း (၁၈) ကုဋေတို့နှင့်အတူ သောတာပတ္တိဖိုလ်၌ တည်၏။

ဤကား ရှေးဦးစွာ လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါးတရားကို သိစေခြင်းဟုဆိုအပ်သော ပဌမတရားပွဲကြီးဖြစ်၏။

၂။ နောက်အခါ မဟာမင်္ဂလာအခါတော်နေ့၌ စကြာဝဠာတိုက်တသောင်းမှ ရောက်လာကြသော လူနတ်ဗြဟ္မာအပေါင်းတို့၏ အလယ်၌ မင်္ဂလသုတ်ကို ဟောကြားပြီးဆုံးသောအခါ မရေမတွက်နိုင်သော လူနတ်ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြ၏။

ဤကား နှစ်ကြိမ်မြောက် လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးပါး တရားကို သိစေခြင်းဟုဆိုအပ်သော ဒုတိယတရားပွဲကြီးဖြစ်၏။

၃။ နောက်အခါ အရှင်ရာဟုလာကို စူဠရာဟုလောဝါဒသုတ်ကို ဟောတော်မူသောအခါ အရှင်ရာဟုလာနှင့်အတူ ထောင်ပေါင်းများစွာသော နတ်ပြဟ္မာတို့ သစ္စာလေးပါးသိမြင် ကျွတ်တမ်းဝင်ကြ၏။

ဤကား တတိယတရားပွဲကြီးဖြစ်၏။

## ဩဝါဒပါတိမောက် ပဌမဂါထာ

ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(၁၈၄) (ဒီ၊ မဟာဝါ၊ ၄၂၊ ဓမ္မပဒ၊ ၄၁)

## သည်းခံခြင်းသည် အမြတ်ဆုံး

ချုပ်တည်းခြင်းဟုဆိုအပ်သော သည်းခံခြင်း (အဓိဝါသနခန္တီ)သည် အမြတ်ဆုံးအကျင့်ဖြစ်၏။

သူတပါးတို့စွပ်စွဲခြင်း ပြစ်မှားခြင်း အအေးအပူစသည်တို့ကို မျက်နှာမနွမ်းခံနိုင်စွမ်းရှိခြင်းဟူသော ဝီရိယ (ဝီရိယခေါင်းဆောင်သော စိတ္တုပ္ပါဒ်)ကို အဓိဝါသနခန္တီဟုခေါ်၏။

ခန္တျာ ဘိယျော န ဝိဇ္ဇတိ = သည်းခံခြင်းထက် လွန်မြတ်သောတရား မရှိ။

(ဝေပစိတ္တိသုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ ၂၂၃) သုဘာသိတဇယသုတ်၊ သံ၊ ၁၊ ၂၂၅)

## သည်းခံခြင်း (၂)မျိုး

၁။ ပုဂ္ဂိုလ်ကို သည်းခံခြင်း၊

၂။ တရားသဘောကို သည်းခံခြင်း

**လူများအတွက် အဆုံးအမစကား**

တံခွန်ကိုနိမ့် အဆိပ်ကိုပြ ဓမ္မကိုစား

ရှေးပညာရှိများ

(က) မာနတံခွန် မထောင်ရ။

လူအချင်းချင်း ပြောဆိုဆက်ဆံသောအခါ မာနအရိပ်အယောင် မပေါ်စေရ

(ခ) ကိုယ့်မှာ အဆိပ်ရှိကြောင်း ပြရမည်။

မိမိက မာန်မာနမထားဘဲ နှိမ့်ချပြီးနေသောပုဂ္ဂိုလ်ကို အလိုက်မသိသော ပုဂ္ဂိုလ်များက အထင်သေးပြီး ပြောဆိုလာလျှင် မိမိ၏ စွမ်းရည်သတ္တိကို ပြရမည်။

(ဂ) စွမ်းရည်သတ္တိကို ပြရပေမယ့် ကိုယ်ကျင့်တရားကို မပျက်စေရ။

စွမ်းရည်သတ္တိကိုပြရသော်လည်း ဓမ္မနှင့်အညီ ဖြစ်ရမည်။

ရဟန်းတော်အတွက် သည်းခံခြင်းတရားသည် အကောင်းဆုံးဖြစ်၏။ မြတ်ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာကျင့်သုံးအခါ သူတဖက်သား ကျူးလွန်မှုကို မကြည့်ဘဲ မိမိသန္တာန်၌ လောဘ ဒေါသ မောဟ မာနစသော ကိလေသာများ မဖြစ်ရအောင် ကင်းနေအောင် ကျင့်ဖို့ရာက အရေးကြီး၏။

သူတဖက်သားက မခံသာအောင် ပြုလုပ်ပြောဆိုလာလျှင်ဖြစ်စေ၊ မကောင်းသော အနိဋ္ဌာရုံများကို တွေ့ကြုံလာသည်ဖြစ်စေ ယောနိသောမနသိကာရဖြစ်အောင် နှလုံးသွင်းရခြင်း၊ ရုပ်နာမ်သဘောတရားများကို ဆင်ခြင်နှလုံးသွင်းရခြင်းတို့ဖြင့် သက်သာရာ ရနိုင်၏။

## ပုဂ္ဂိုလ်ကို သည်းခံ (၂)မျိုး

မိမိက နိုင်လောက်သည့် အင်အားရှိသော်လည်း သည်းခံရခြင်း၊

မိမိသည် မနိုင်သဖြင့် သည်းခံရခြင်း၊

## တရားသဘောကို သည်းခံခြင်းဟူသည်

တရားကျင့်ကြံနေသောအခါ အပူအအေးကိုင်း၊ နာကျင်ကိုက်ခဲသည့် ဒုက္ခဝေဒနာကိုင်း သည်းခံပြီး မပြတ်ရှုနေရမည်၊ မခံသာလျှင်ကား ပြုပြင်နိုင်၏၊ သို့သော် မကြာခဏပြုပြင်နေလျှင် သမာဓိမဖြစ်၊ သမာဓိမဖြစ်လျှင် ဝိပဿနာဉာဏ်မဖြစ်၊ ဝိပဿနာဉာဏ်မဖြစ်လျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကို မရနိုင်။

တရားအားထုတ်နေသောအခါမှာ အပြင်ဗဟိဒ္ဓအာရုံများကို သည်းခံရခြင်းထက် အတွင်းအဇ္ဈတ္တ၌ရှိနေသော ရုပ်နာမ်တရားကို သည်းခံရခြင်းဖြစ်၏၊ သည်းမခံနိုင်ဘဲ ပြုပြင်နေလျှင် သတိလွတ်နေ၏၊ သတိလွတ်နေလျှင် သမာဓိမဖြစ်၊ သမာဓိမဖြစ်လျှင် ပညာဉာဏ်မဖြစ်နိုင်၊ ထို့ကြောင့် စွမ်းနိုင်သမျှ သည်းခံပြီး တရားကျင့်ရမည်။

## နိဗ္ဗာန်သည် အမြတ်ဆုံး

ဘုရားရှင်တို့သည် တဏှာမှ လွတ်မြောက်ရာနိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဟောကြားတော်မူကြ၏။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ၊
ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ။

စုန္ဒီသုတ် (အံ၊ ၂၊ ၂၉) သုမနဝဂ်၊ ပဉ္စကနိပါတ်။

ရဟန်းတို့ အကြောင်းတရားတို့က ပြုအပ်သော သင်္ခတ တရား၊ အကြောင်းတရားတို့က မပြုပြင်အပ်သော အသင်္ခတတရားတို့သည် ရှိကြ၏၊ ထိုသင်္ခတ အသင်္ခတ တရားတို့တွင် ရာဂကင်းရာဖြစ်သော နိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဟောကြားတော်မူအပ်၏။

## ရဟန်းမှန်လျှင် သူတစ်ပါးကို နှိပ်စက်ညှင်းဆဲ သတ်လေ့မရှိ

ရဟန်းသည် သူတစ်ပါးကို ကိုယ်နှုတ်စိတ်တို့ဖြင့် နှိပ်စက်ညှင်းဆဲ သတ်ခြင်းမရှိ။

သူတစ်ပါးကို နှိပ်စက်ညှင်းဆဲသော ပုဂ္ဂိုလ်သည် ကိလေသာငြိမ်းအောင် ကျင့်သော ရဟန်းမဟုတ်။

ကိလေသေ သမေတီတိ သမဏော။

ရဟန်းဟူသည်
ကိလေသာငြိမ်းအောင် ကျင့်ပြီးသောပုဂ္ဂိုလ်
ကိလေသာငြိမ်းအောင် ကျင့်နေဆဲပုဂ္ဂိုလ်များကို ဆိုလို၏။
ကိလေသာတိုးပွားအောင် ပြုလုပ်နေလျှင်တော့ ရဟန်းမဟုတ်၊
ရဟန်းမှန်လျှင် ကိလေသာနည်းအောင် ကိလေသာကင်းအောင် ကျင့်နေရမည်။

## ဩဝါဒပါတိမောက် ဒုတိယဂါထာ

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ တေံ ဗုဒ္ဓါန သာသနံ။ (၁၈၃)

(ဒီ၊ မဟာဝါ၊ ၄၂၊ ဓမ္မပဒ၊ ၄၁)

အပြစ်ရှိပြား အကုသိုလ်တရားကို မပြုလုပ် မဖြစ်စေရခြင်း၊
အပြစ်ကင်းပြား ကုသိုလ်တရားမှန်သမျှကို ပြည့်စုံစေခြင်း၊
နီဝရဏအညစ်အကြေးတရားများကို ပယ်ရှားသုတ်သင်၍ မိမိစိတ်ကို ဖြူစင်စေခြင်းဟူသော ဤတရားသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမဖြစ်၏။

သီလသံဝရဖြင့် အကုသိုလ်တရားကို ပယ်ရှား၍
လောကီလောကုတ္တရာ သမထဝိပဿနာဘာဝနာဖြင့် စတုဘူမိကကုသိုလ်တရားများကို ပြည့်စုံစေပြီးလျှင်
အရဟတ္တဖိုလ်ဖြင့် မိမိစိတ်ကို အပြီးတိုင် ဖြူစင်စေရမည်။

### ဩဝါဒပါတိမောက် တတိယဂါထာ

အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေစ သံဝရော။
မတ္တညုတာစ ဘတ္တသ္မိံ ၊ ပန္တဉ္စ သေနာသနံ။
အဓိစိတ္တေစ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။ (၁၈၅)
(ဒီ ၊ မဟာဝါ၊ ၄၂၊ ဓမ္မပဒ၊ ၄၁)

သူတစ်ပါးကို ကိုယ်တိုင်လည်း မစွပ်စွဲခြင်း၊ သူများကိုလည်း မစွပ်စွဲစေခြင်း (ဝါစသိကသီလ)၊

သူတစ်ပါးကို မညှင်းဆဲ မနှိပ်စက် မသတ်ဖြတ်ခြင်း၊ သူများကိုလည်း မညှင်းဆဲ မနှိပ်စက် မသတ်ဖြတ်စေခြင်း (ကာယိကသီလ)

ပါတိမောက္ခသီလ၌ စောင့်စည်းခြင်း (ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ)

စားသုံးဖွယ်ဘောဇဉ်၌ ခံယူမှု သုံးဆောင်မှုမှာ အတိုင်းအတာပမာဏကို သိခြင်း၊ (အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ)

လူနှင့်မနီး ဆိတ်ငြိမ်ရာ ကျောင်းအိပ်ရာ၌နေခြင်း (သပ္ပါယသေနာသန)

ဝိပဿနာ၏ အခြေခံဖြစ်သော သမထဘာဝနာ၌ မပြတ်အားထုတ်ခြင်း (ဝိပဿနာပါ ယူသင့်၏)

ဤ(၆)ပါးတရားအစုသည် ဘုရားရှင်တို့၏ အဆုံးအမဖြစ်၏။

### သူတစ်ပါးကို ကိုယ်တိုင်လည်း မစွပ်စွဲရ၊ သူများကိုလည်း မစွပ်စွဲစေရ

အတူနေပုဂ္ဂိုလ်များကို ကိုယ်တိုင်လည်း အပြစ်မရှာပါနဲ့၊ သူများကိုလည်း အပြစ်မရှာပါစေနဲ့။ တစ်ခုခု ချို့ယွင်းသွားပြီဆိုလျှင် သူများအပြစ်ကို ရှာတတ် ပြောတတ်ကြ၏၊ သူများအပြစ်ကို မရှာဘဲ ကိုယ့်အပြစ်ကိုသာ ရှာတတ်ပါစေ၊ စွပ်စွဲပြောဆိုသည့်အထိ ဖြစ်သွားလျှင် အတော်ကို ရင့်သီး ရိုင်းစိုင်းသွားပါပြီ၊ နှုတ်ကို သတိပညာဖြင့် မထိန်းနိုင်လျှင် ကိုယ်ထိလက်ရောက် ကျူးလွန်မိတတ်၏၊ နှုတ်ကို ထိန်းနိုင်လျှင် ကိုယ်ကိုလည်း ထိန်းနိုင်၏။

**ဩဝါဒပါတိမောက် ပြတော်မူရာ အချိန်ကာလ**

ဤဩဝါဒပါတိမောက်သုံးဂါထာတို့ကို သက်တော်ရှည်မြတ်စွာဘုရားတို့သည် သာသနာတော်အဆုံးတိုင် ပြတော်မူကြ၏။

သက်တမ်းတိုတော်မူကြသည့် ဘုရားရှင်တို့သည်ကား ပဌမဗောဓိခေါ်သည့် ရှေ့ပိုင်း ဝါနှစ်ဆယ်အတွင်း၌သာ ပြတော်မူကြ၏။

ထိုသက်တမ်း တိုတော်မူကြသည့် ဘုရားရှင်တို့သည် သိက္ခာပုဒ်ကို ပညတ်သောအခါမှစ၍ ဩဝါဒပါတိမောက်ကို ပြတော်မမူကြ၊ တပည့်ရဟန်းတို့သည်သာ အာဏာပါတိမောက်ခေါ်သော ဝိနည်းသိက္ခာပုဒ်များကို (၁၅)ရက်တစ်ကြိမ် ပြတော်မူကြ၏၊ ဤအာဏာပါတိမောက်ကို မြတ်စွာဘုရားများ ပြတော်မမူကြပါ။

ထို့ကြောင့် အကျွန်ုပ်တို့၏ မြတ်စွာဘုရားသည်လည်း ပဌမဗောဓိ၌သာ ဩဝါဒပါတိမောက်ကို ပြတော်မူ၏။